မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၁၂ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံ့အကျိုး ကြိုးပမ်းဆောင်ရွက်

တာဝန်ထမ်းဆောင်ရမည့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဖော်ဆောင်

ရန်ကုန် မေ ၂၃

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)သင်တန်း အမှတ်စဉ် (၉) ဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ အဆိုပါကောလိပ်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသတွင် လိုအပ်နေသည့် *စာမျက်နှာ ၈ ကော်လံ ၁* *

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) သင်တန်းအမှတ်စဉ်(၉) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

ထာဝရစိမ်းလန်းနေဦးမည့် ကျောက်ဆည်ခရိုင်မှ စိမ်းရောင်စုံ ပန်းချီကား

နေပြည်တော် မေ ၂၃

နွေ၏ပူလောင်ခြင်းသည်ကား သဘာဝတရားပင်ဖြစ်သော်လည်း သတင်းခရီးသည်တို့မှာမူ နေထိသောကြာပန်းနှယ်၊ လမ်းခရီးတွင် နွမ်းနယ်နေရတော့သည်။ သို့သော် ကျောက်ဆည်ခရိုင်သို့ ဝင်လာသည်နှင့် ရှင်လန်းတက်ကြွသွားခဲ့ပါတော့သည်။ အကြောင်းသည်ကား စိမ်းရောင်စုံမြင်ကွင်းများကြောင့်ပေတည်း။

အစိမ်းရောင်မြင်ကွင်း

ထိုစိမ်းရောင်စုံ မြင်ကွင်းများသည်ကား နွေစပါးများ အောင်မြင်ဖြစ်ထွန်းနေသော အစိမ်းရောင်မြင်ကွင်း၊ နွေနှမ်း(ခေါ်) မိုးကြိုနှမ်းများ အောင်မြင်ဖြစ်ထွန်းနေသော အစိမ်းရောင်မြင်ကွင်း၊ ပြီးတော့ ငွေချည်(၆) ချည်မျှင်ရှည်ဝါနှင့် ငရုတ်တို့ အောင်မြင်ဖြစ်ထွန်းနေသော အစိမ်းရောင်မြင်ကွင်းများပင် ဖြစ်ပါ၏။

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများဦးဆောင်လျက် ကျောက်ဆည်ခရိုင်အတွင်း *စာမျက်နှာ ၇ ကော်လံ ၁* ❍

နွေနှမ်းစိုက်ခင်း

ကျောက်ဆည်မြို့နယ် ကုလကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေနှမ်းစိုက်ခင်းကို ဤသို့ တွေ့ရသည်။



သတင်းခရီးသည် – မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း – အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု – မာမာစိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၂၄ ရက်)

သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်

၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့၏ ရည်မှန်းချက်သည် ``ဇီဝမျိုးစုံမျိုးကွဲများသည် ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်'' ဟူ၍ဖြစ်သည်။

ရာသီဥတုပြုပြင်ပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်း စသည်တို့ကြောင့် ဇီဝမျိုးများ မျိုးသုဉ်းနိုင်သကဲ့သို့ လူ့ပယောဂများကြောင့်လည်း မျိုးသုဉ်းနိုင်သည်။ ယင်းသို့မဖြစ်ပေါ်စေရန် ဇီဝမျိုးစုံမျိုးကွဲများ ဝိုင်းဝန်းထိန်းသိမ်းရေးအတွက် ၂၀၁၀ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှစ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည်။

မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဇီဝမျိုးစိတ်များကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် အပင်အမျိုးအစား ၁၁၈၀၀၊ ဆေးဖက်ဝင်အပင် ၈၄၁ပင်နှင့် ဝါးမျိုးပေါင်း ၃၇ မျိုးတို့ရှိသည်။ မြန်မာနိုင်ငံ၏ တရားဝင်တောရိုင်းတိရစ္ဆာန် စာရင်းအရ နို့တိုက်သတ္တဝါ ၂၅၁ မျိုး၊ ငှက် ၁၀၅၆ မျိုး၊ တွားသွားသတ္တဝါများဖြစ်သော မြွေ ၁၅၃၊ ပုတ်သင်ညို ၈၇၊ လိပ်မျိုးပေါင်း ၃၇၊ ဖားမျိုး ၇၉၊ ရေချိုငါး ၃၁၀၊ ပင်လယ်ငါး ၄၅၆ မျိုးတို့ ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းရင်းသည် ဇီဝမျိုးစုံမျိုးကွဲများတည်ရှိသည့် မှုရင်းဒေသများကို အခြားမြေအသုံးပြုမှုသို့ ပြောင်းလဲခြင်းဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများကို စောင့်ရှောက်နိုင်သည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေသည်။

အပင်၊ သားငါး၊ တိရစ္ဆာန်မျိုးစုံ၊ အပူပိုင်းသစ်တော၊ တောင်ပေါ်သစ်တော၊ အင်တိုင်းတောနှင့် ဒီရေတောစသည့် သဘာဝအနေအထားအမျိုးမျိုးတို့သည် ဇီဝမျိုးစုံမျိုးကွဲများ ဖြစ်ကြသည်။

ဂေဟစနစ်များ ပြန်လည်ထူထောင်ခြင်းနှင့် ဒီရေတောများ စိုက်ပျိုးထိန်းသိမ်းခြင်းသည် လူသားမျိုးဆက်များအတွက် အရေးပါသည့် လုပ်ငန်းဖြစ်ရာ နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုအရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသားပြည်သူများက မိမိတို့ဒေသ၏ သစ်တောသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့်ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲကို မေ ၁၅ ရက်က မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အဆင့်ပြိုင်ပွဲ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသူရသွင်ကိုကိုနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

(ခရိုင် ပြန်/ ဆက်)

အလက (၂) ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၃

ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း (ယခင် မင်းမနိုင် အစိုးရအလယ်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဒဂုံသူရိန်ခန်းမ၌ ကျင်းပသည်။

ကန်တော့

ရှေးဦးစွာ ကန်တော့ခံဆရာ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ကြပြီး ဆရာကြီးဦးဝေလင်းက သြဝါဒစကား ပြောကြားသည်။

ရှင်းလင်း

ထို့နောက် မြတ်ဆရာပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ကျောင်းသားဟောင်း အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး (မိဘရိပ် ကုမ္ပဏီ) က ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

မှတ်တမ်းတင်ဓာတ်ပုံ

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ခံ ဆရာ ဆရာမ ကြီးများအား လှူဖွယ်ပစ္စည်းများ လှူဒါန်းကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

စီးပွားရေးဆိုင်ရာ (ဈေးကွက်၊ စီမံ) ဒီပလိုမာသင်တန်းများ ဖွင့်မည်

ရန်ကုန် မေ ၂၃

UK ၏ Highly Trusted Sponsor College တစ်ခုဖြစ်သည့် City of Sunderland College ၏ အသိအမှတ်ပြု ကျောင်းခွဲဖြစ်သော Noble Nine Education က ယင်း College ၏ Diploma in Business (Marketing, Management, Administration) ဘာသာရပ်များကို UK ရှိ တက္ကသိုလ်၊ ကောလိပ်များအားလုံးတွင် တစ်ပြေးညီတည်း သင်ကြားပို့ချသည့် သင်ရိုးညွှန်းတမ်းများဖြင့် Improving Performance in the Workplace, Managing Physical Resources, Accounting, Management Accounting, Computer Application for financial Management, Internet and e-Business စသည့် Unit (18)ခု သင်ကြားပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ သင်ကြားမှုပုံစံသစ်ဖြစ်သည့် Activity Task, Assignment တို့ဖြင့် စာမေးပွဲဖြေဆိုရန် လုံးဝ မလိုအပ်သည့် သင်ကြားမှုပုံစံဖြင့် စာတွေ့ခြောက်လနှင့် Workplacement သုံးလ စုစုပေါင်း ကိုးလ တက်ရောက်ပြီး UK ၏ National Qualifications Framework (NQF Level 3) အဆင့် Diploma ရရှိမည်ဖြစ်ကြောင်း၊Level 3 အဆင့်သည် နိုင်ငံတကာတွင် Ma nager, Administrator, Secretary စသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

သင်တန်းတွင် ပြည်တွင်း၌ နိုင်ငံတကာသင်ကြားမှု အတွေ့အကြုံရှိ ဆရာများက သင်ကြားပို့ချမည်ဖြစ်ပြီး အခြားနိုင်ငံများသို့ သွားရောက်ပညာသင်ကြားလျှင် ကုန်ကျမည့် သင်ကြားမှုစရိတ်၏ ၁၀ပုံ တစ်ပုံခန့်သာ ကုန်ကျမည်ဖြစ်ကြောင်း၊ Diploma ရရှိပြီးသူများ အနေဖြင့်UK ပညာရေး သင်ကြားပို့ချသော နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များ၌ Degree သင်တန်းများသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး ထပ်မံ၍ Australia တက္ကသိုလ်များ သို့မဟုတ် University of Sunderland ၏ စီးပွားရေးဆိုင်ရာ မဟာဘွဲ့(MBA /MPA) သို့ တက်ရောက်နိုင်မည့်အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ဤသင်တန်းသို့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်၊ ကောလိပ်တက်ရောက်နေသူများ၊ ဘွဲ့ရများ လျှောက်ထားနိုင်သည်။ အသေးစိတ် သိရှိလိုပါက Noble Nine Education အမှတ် (၇) ဝတ်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၇၃၀၀၂၉၆၆၊ ၀၁-၃၉၆၉၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **ဉာဏ်ဖြင့်ချင့်ချိန် ငါးပင်တိုင်အိမ်** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင် ဝါယာမိန္ဒ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၀)
- ၈း၃၀ Sports World (Player's Live)
- ၈း၅၅ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ.... ကျိုက်ထိုမြို့နယ်အသင်းမှာ
- ၉း၀၀ အမျိုးသမီးဆရာဝန်များ၏ အခမဲ့ ကွင်းဆင်းကုသမှု (တွံတေးမြို့နယ်)
- ၉း၁၅ ရိုးရှင်းခြင်း၊ လွယ်ကူခြင်း၊ ပြီးပြည့်စုံခြင်းများနှင့် SEP
- ၉း၃၀ Global Panorama
- ၁၀း၃၀ ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲ ဝတ်မယ်ထာဝစဉ်
- ၁၀း၅၀ International Show Biz
- ၁၁း၁၀ လုပဝင့်ထည် မြန်မာ့ကြိမ်ထည်
- ၁၁း၃၀ ရန်ကုန်မြင်ကွင်းကျယ် (The Art of Leadership)
- ၁၁း၄၀ တီကောင်စွန့်ပစ်သြဂဲနစ်
- ၁၂း၀၀ နည်းပညာအစွမ်းထက် Solar Hut
- ၁၂း၁၅ **အမုန်းချစ်မှ အချစ်မုန်း** ဖြိုးငွေစိုး၊ မေနန်းခေါင်၊ ထက်ရှား၊ ဒေါ်အိအိစိုး (ဒါရိုက်တာ-ကြည်စိုး)
- ၁၂း၂၀ စာအုပ်ပြခန်း (Health Care Journal အယ်ဒီတာချုပ် ဒေါက်တာခင်မြင့်ဦး နှင့် တွေ့ဆုံခြင်း)
- ၁၂း၄၀ ရေလဲကလေးရွာမှ ကုသိုလ်များ ပီတိပွားလို့မျှခံစား
- ၁း၀၀ **ဉာဏ်ဖြင့်ချင့်ချိန် ငါးပင်တိုင်အိမ်** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင် ဝါယာမိန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ ငွေဆောင်ခရီးစဉ်မှသည် ဘဝ အတွက် ခွန်အားသစ်များ မွေးဖွားခြင်း
- ၃း၂၅ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ.... ကျိုက်ထိုမြို့နယ်အသင်းမှာ
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၀)
- ၄း၀၅ မှုဟန်ကိုယ်စီ တေးကိုသီ
- ၄း၁၀ ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲ ဝတ်မယ်ထာဝစဉ်
- ၄း၃၀ ရန်ကုန်မြင်ကွင်းကျယ် (အင်္ဂလိပ်စာ ဉာဏ်စမ်းပြိုင်ပွဲ Jetset လက်မှတ်ပေးအပ်ပွဲ)
- ၄း၄၅ ရိုးရှင်းခြင်း၊ လွယ်ကူခြင်း၊ ပြီးပြည့်စုံခြင်းများနှင့် SEP
- ၅း၀၀ ဦးဆုံးအစ ဘဝရဲ့အလှ (ဟဲလေးရဲ့ ဦးဆုံးအစဘဝအလှ)
- ၅း၁၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ ကျန်းမာရေး (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ)
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၃၅ အနုပညာမိုးကောင်းကင်
- ၇း၀၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် **လိမ္မာလာပြီ** ညီဘွား၊ နှင်းနန္ဒာဝင်း၊ ချစ်ဖွယ်၊ ဘဂျမ်း၊ မောင်ငယ်၊ ခေါလေး၊ စိုးလင်းဦး၊ ဩဘာ ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)
- ၇း၂၀ စာအုပ်ပြခန်း (Health Care Journal) အယ်ဒီတာချုပ် ဒေါက်တာခင်မြင့်ဦး နှင့် တွေ့ဆုံခြင်း)
- ၇း၃၅ ဦးဆုံးအစ ဘဝရဲ့အလှ (ဟဲလေးရဲ့ ဦးဆုံးအစ ဘဝအလှ)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ငွေဆောင်ခရီးစဉ်မှသည်ဘဝ အတွက် ခွန်အားသစ်များ မွေးဖွားခြင်း
- ၉း၁၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၀)
- ၁၀း၀၀ ရေလဲကလေးရွာမှ ကုသိုလ်များ ပီတိပွားလို့မျှခံစား
- ၁၀း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၀ ရန်ကုန်မြင်ကွင်းကျယ် (The Art of Leadership)
- ၁၀း၅၀ နည်းပညာအစွမ်းထက် Solar Hut
- ၁၁း၀၀ ရန်ကုန်မြင်ကွင်းကျယ် (အင်္ဂလိပ်စာဉာဏ်စမ်းပြိုင်ပွဲ Jetset လက်မှတ်ပေးအပ်ပွဲ)
- ၁၁း၁၅ အမျိုးသမီးဆရာဝန်များ၏အခမဲ့ ကွင်းဆင်းကုသမှု (တွံတေးမြို့နယ်)
- ၁၁း၃၅ ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
- ၁၁း၅၀ စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
- ၁၂း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

England Friendlies ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	England - Mexico	Star Sports (Live)

ဒိုက်ဦးမြို့ရှိ ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား

ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အားပေး

ရန်ကုန် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့နံနက် ၉နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် အမှတ်(၅)ရပ်ကွက် မင်းလမ်းရှိ ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာကြည့်တိုက်အလှူရှင် ဦးမြတ်သင်းအောင်နှင့် မိသားစုများ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော MRTV နှင့် MRTV-4 ဖမ်းယူကြည့်ရှုနိုင်သော DTH ရုပ်သံဖမ်းစက်နှင့် စာအုပ်စာစောင်များကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တို့ ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက်အတွင်း ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦး၊ ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် စာကြည့်တိုက်အလှူရှင် ဦးမြတ်သင်းအောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှာကြား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက်အတွင်း ပရိဘောဂများ၊ စာအုပ်စာစောင်များ၊ အီလက်ထရွန်နစ်စာကြည့်တိုက် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုနှင့် ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ကြီးက စာကြည့်တိုက် ရေရှည်ရှင်သန် တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ကျေးရွာစာကြည့်တိုက်များ ထူထောင်ရခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းပြောကြားသည်။

စာကြည့်တိုက်တည်ထောင်မှု

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းက တိုင်းအတွင်း စာကြည့်တိုက်များ တည်ထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်အလှူရှင် ဦးမြတ်သင်းအောင်က စာကြည့်တိုက် ဆောက်လုပ် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းထံ စာကြည့်တိုက် အလှူရှင် ဦးမြတ်သင်းအောင်က စာကြည့်တိုက်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူရှင် ဦးမြတ်သင်းအောင်နှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၅၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသော MRTV နှင့် MRTV-4 ဖမ်းယူကြည့်ရှုနိုင်သည့် DTH ရုပ်သံဖမ်းစက်နှင့် စာအုပ်စာစောင်များကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ထံ ပေးအပ်လှူဒါန်းသည်။

လက်ခံ

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက စာအုပ်စာစောင်များ၊ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးအောင် (ကံပွင့်ဆန်စက်) မိသားစုက ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ၊ စာအုပ်အလှူရှင်များက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူးက လက်ခံသည်။

ယင်းနောက် မြို့မိမြို့ဖ ဦးတင်မြင့်က စာကြည့်တိုက် ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းမှု

အဆိုပါ ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက်သည် အလျား ၆၈ပေ၊ အနံ ၃၈ပေရှိ RC ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ပရိဘောဂများ၊ သုတရသစာအုပ် ၇၁၀၊ ဂျာနယ်၊ မဂ္ဂဇင်းစောင်ရေ ၅၂၀၀နှင့် အီလက်ထရွန်နစ်စာကြည့်တိုက် အထောက်အကူပြုပစ္စည်းများ အပါအဝင် စုစုပေါင်း ဆောက်လုပ်လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ်သိန်း ၇၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦး၊ ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် စာကြည့်တိုက်အလှူရှင် ဦးမြတ်သင်းအောင်တို့က ဒေါ်ခင်မြင့်မြင့် လူမှုထူးချွန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် ဟားခါးမြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

နေပြည်တော် မေ ၂၃

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မေ ၁၇ရက် နံနက် ၈နာရီက ချင်းပြည်နယ် ဟားခါးမြို့ ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်းက အဖွင့်အမှာစကား ပြောကြားပြီး ချင်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များက မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေး ပို့ချကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၂၅-၅-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (ဓဇဂ္ဂသုတ်)
ဓမ္မပူဇာတေး
၇း၃၀ (၃၈)ဖြာ မင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင်
(ပဲခူးဘူတာမှာ)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ
(သဘော်သီးသုပ်နဲ့
သဘော်သီးထောင်း)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line (သူရလင်း)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
Current Song (24)
တေးပဒေသာ
၁၂း၄၀ ရွှင်လန်းစေချင် သောတရှင်
(ပဥ္စမမြောက် နိဗ္ဗာန်ဘုံကအပြန်)
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ
အလှကမ္ဘာ
(အသက်အရွယ်မရွေး အသား
အရေ တင်းရင်းချောမွေ့စေဖို့)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ
အမှတ်စဉ်(၄၁)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
၁။ သမီးလေးဖတ်ဖို့(၁၂)-
ကောင်းသန့်
၂။ ကျောင်းတွင်းသုံး အင်္ဂလိပ်
စကားပြော-သင်းသင်းနိုင်
၁၈း၄၅ ချိုချစ်ဖွယ်
အင်္ဂလိပ်တေးသီချင်းကမ္ဘာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ
ပေါက်ပန်းပွင့်လေး မဖြစ်ချင်ပါ
၁၉း၃၀ သူ့ခေတ်သူ့အခါ တေးကမ္ဘာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး (လိုက်ခဲ့တော့)
စီးပွားရေးဦးတည်ချက်
တေးပဒေသာ
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
၂၁း၃၀ ညချမ်းချိန်ခါ တေးပဒေသာ

အီရန်နျူကြေညာချက် အိုင်အေအီးအေ အကြီးအကဲကြိုဆို

တီဟီရန် မေ ၂၃

အီရန်နိုင်ငံဆိုင်ရာ နျူကလီးယား သဘောတူညီချက်သည် ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည့် အီရန်နျူကလီးယားအစီအစဉ်ပြဿနာကို ပြေလည်စေမည့် နည်းလမ်းတစ်ရပ်အဖြစ် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) ညွှန်ကြားရေးမှူးချုပ် ယူကီယာအမာနိုက မေ ၂၂ ရက်၌ ကြိုဆိုလိုက်သည်။

ယူရေနီယံဖလှယ်ရေး

အီရန်၊ တူရကီနှင့် ဘရာဇီးအစိုးရတို့၏ ပူးတွဲဦးစီးဦးဆောင် ပြုလုပ်မှုကြောင့် လက်ရှိ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေမှုကို လျှော့ပါးသက်သာစေသည်ဟု အမာနိုကယုံကြည်ထားကြောင်း ထုတ်ဖော်ပြောကြားသည်။ သို့ရာတွင် ယူရေနီယံဖလှယ်ရေးအစီအစဉ် ပြုလုပ်မှုနှင့်ပတ်သက်၍ ထူးခြားသည့်ဖြစ်ရပ်ကို ရက်သတ္တပတ်အတွင်း မျှော်လင့်လျက်ရှိသည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။

အီရန်ကသုံးနိုင်ငံနျူကလီးယား ကြေညာချက်ကို အိုင်အေအီးအေသို့ အကျဉ်းချုံးတင်ပြရန် ဆန္ဒရှိသည်ဟု မေ၂၁ ရက်၌ တရားဝင်ကြေညာခဲ့သည်။ ယင်းကြေညာချက်အရ အီရန်က ယူရေနီယံ ကီလိုဂရမ် ၁၂၀၀ ကို တူရကီသို့ ပို့ပေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် သန့်စင်ပြီး ကီလိုဂရမ် ၁၂၀ကို အီရန်က ရရှိမည်ဖြစ်သည်။ (အင်တာနက်)

ကုလသမဂ္ဂ ဆိုမာလီယာဆိုင်ရာ ညီလာခံကျင်းပ

အစ္စတန်ဘူလ် မေ ၂၃

ကုလသမဂ္ဂဆိုမာလီယာဆိုင်ရာညီလာခံကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၂၂ရက်က ကျင်းပရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ ဆိုမာလီသမ္မတ ရှိတ်ရှရစ်ဖ်ရှိတ်အာမက်နှင့် ၅၅နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း

အဆိုပါညီလာခံ ဖွင့်ပွဲအခမ်းအနား၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မိန့်ခွန်းပြောကြားရာတွင် ဆိုမာလီပင်လယ်ဓားပြများမှာ ကမ္ဘာ့အကြီးမားဆုံးသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အထင်အရှားပြသ

ဆိုမာလီပြည်သူများအနေဖြင့် အကူအညီလိုအပ်နေသည့်အချိန်တွင် မိမိတို့သည် ဆိုမာလီပြည်သူများနှင့် စည်းလုံးညီညွတ်လျက်ရှိကြောင်း ဤညီလာခံက အထင်အရှား ပြသလိုက်သည်ဟု မစ္စတာဘန်ကီမွန်းက ပြောကြားလိုက်သည်။

ကိုင်တွယ်ဆောင်ရွက်

၂၀၀၈ခုနှစ် ဂျီဘူတီညီလာခံက ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်အရ လုံခြုံရေး၊ နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှု ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဤဆိုမာလီယာညီလာခံက ကိုင်တွယ်ဆောင်ရွက်မည်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေး ဝန်ကြီးဌာနအရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ လျူကျိုးမြို့ ကွမ်စီနည်းပညာတက္ကသိုလ်မှ တီထွင်ထုတ်လုပ်လိုက်သည့် ငါးပုံသဏ္ဍာန် ရေငုပ်သင်္ဘောရေချနေသည်ကို မေ ၂၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

သမ္မတဟောင်းမူရှာရက်ဖ် ပါကစ္စတန်သို့ ပြန်လာမည်

ဝါရှင်တန် မေ ၂၃

ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ် အနေဖြင့် ပါကစ္စတန်နိုင်ငံသို့ပြန်လာရန် စီစဉ်ထားပြီး နိုင်ငံရေးနယ်ပယ်သို့ ပြန်လည်ဝင်ရောက်မည်ဟု မေ ၂၀ရက်၌ ပြောကြားကြောင်း စီအင်န်အင်န်က ဖော်ပြသည်။

မိမိသည် ပါကစ္စတန်သို့ပြန်လာရန် စီစဉ်ထားပြီး နိုင်ငံရေးနယ်ပယ်သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း၊ သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်ရာထူးအတွက် ယှဉ်ပြိုင်မည့်ကိစ္စကို နောက်ပိုင်းတွင် မြင်တွေ့ရမည်ဖြစ်ကြောင်း မူရှာရက်ဖ်က စီအင်န်အင်န် သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာ၌ ပြောကြားသည်။

နုတ်ထွက်ခဲ့

မူရှာရက်ဖ်သည် ဆယ်စုနှစ်တစ်စုကြာ အုပ်ချုပ်ခဲ့ပြီးသည့်နောက် သမ္မတအဖြစ်မှ ၂၀၀၈ခုနှစ် ဩဂုတ်လတွင် နုတ်ထွက်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

၂၀၀၉ခုနှစ်၌ အာဖဂန်စစ်ပွဲများအတွင်း ကလေး ၁၀၀၀ခန့် သေဆုံး၊ ဒဏ်ရာရခဲ့

ကဘူးလ် မေ ၂၃

၂၀၀၉ခုနှစ် အာဖဂန်နစ္စတန်စစ်ပွဲများအတွင်း အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ၏လက်ချက်ဖြင့် သေဆုံးသူကလေး ၁၃၁ဦးအပါအဝင် အနည်းဆုံးကလေးငယ် ၁၀၀၀ခန့်သေဆုံး၊ ဒဏ်ရာရခဲ့သည်ဟု မေ၂၂ရက်က ကုလသမဂ္ဂကြေညာချက်၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်တောင်ပိုင်းပြည်နယ်များ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် ၂၀၀၉ခုနှစ်အတွင်း ၂၀၀၈ခုနှစ်ကထက် သေဆုံးသူဦးရေ ပိုမိုများပြားလာခြင်းဖြစ်သည်။

ထိုသို့ သေဆုံး၊ ဒဏ်ရာရခြင်းမှာ ဗုံးဖောက်ခွဲမှု၊ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုနှင့် မြေမြှုပ်ဗုံးပေါက်ကွဲမှုများအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နှင့် ကင်မရွန်း နှစ်နိုင်ငံဆက်သွယ်မှု အာဖရိကနှင့်ပူးပေါင်းဆောင်ရွက်ရေး နမူနာအဖြစ်ရပ်တည်

ယွမ်တီ မေ ၂၃

တရုတ်အစိုးရနှင့် ကင်မရွန်းအစိုးရတို့အကြား နှစ်နိုင်ငံလက်တွဲဆောင်ရွက်မှုသည် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှုအတွက် နမူနာအဖြစ်ရပ်တည်လျက်ရှိသည်ဟု ကင်မရွန်းသမ္မတ ပေါလ်ဘီရာက မေ ၂၂ရက်၌ ပြောကြားသည်။

ကင်မရွန်းနိုင်ငံ၏ နှစ် (၅၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားသို့တက်ရောက်ရန် ယွမ်တီမြို့သို့ အလည်အပတ် ရောက်ရှိနေသော တရုတ်ယဉ်ကျေးမှုဝန်ကြီးချိုင်ဝူနှင့်တွေ့ဆုံစဉ် သမ္မတက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထပ်လောင်းပြောကြား

ကင်မရွန်းအစိုးရအနေဖြင့် တရုတ်အစိုးရနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန်အတွက် အသင့်ရှိသည်ဟု ကင်မရွန်း သမ္မတဘီရာက ထပ်လောင်းပြောကြားလိုက်သည်။

တိုးတက်ကောင်းမွန်

နှစ်နိုင်ငံ သံတမန်ဆက်သွယ်ရေးကို ၁၉၇၁ခုနှစ်မှ စတင်ခဲ့ပြီး ရေရှည်လက်တွဲဆောင်ရွက်မှု ခိုင်မာပြီးဖြစ်သည့်အပြင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု အခြေအနေလည်း တိုးတက်ကောင်းမွန်လျက်ရှိသည်ဟု တရုတ်ယဉ်ကျေးမှုဝန်ကြီးချိုင်ဝူက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း ဗုံးပေါက်ကွဲမှုဖြစ် ၂၃ဦးသေဆုံး၊ ၅၅ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၃

ဘဂ္ဂဒက်မြို့တော်အရှေ့မြောက်ပိုင်း ခါလက်မြို့လယ်၌ ဗုံးပေါက်ကွဲရာ ၂၃ ဦးထက်မနည်း သေဆုံးပြီး အခြား ၅၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖော်ပြ

ခါလက်မြို့လယ်ရှိဈေးအတွင်း၌ မေ ၂၁ ရက်တွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု အေအက်ဖ်ပီသတင်းဌာနကဖော်ပြသည်။

ကာ့ဒ်လူမျိုးအများစုနေထိုင်ရာ မိုဆူးလ်မြို့အနောက်ပိုင်း တဲလ်အဖာမြို့၌ မေ ၂၁ ရက်တွင် ဗုံးနှစ်လုံး ဆက်တိုက်ပေါက်ကွဲခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် ၂၅ဦးသေဆုံးပြီး အခြား ၁၂၀ ဒဏ်ရာရရှိခဲ့သည်။

ဆက်လက်ပေါ်ပေါက်

အကြမ်းဖက်တိုက်ခိုက်မှုများသည် အီရတ်နိုင်ငံတစ်ဝန်းရှိ လူနေထူထပ်ရာဒေသများတွင် ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ **(အင်တာနက်)**

ရေနံယိုဖိတ်မှု ရှင်းလင်းဖယ်ရှား

မက္ကဆီကို ပင်လယ်ကွေ့အတွင်း လူဝီစီယားနားကမ်းလွန်၌ ရေနံယိုဖိတ်ပျံ့နှံ့မှုကို ရှင်းလင်းဖယ်ရှားနေသည့် အမေရိကန်သင်္ဘောများအား မေ၂၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်တွင် ကိုရာဇီစစ်ဆင်ရေး နှစ်လအတွင်း စစ်သွေးကြွ ၇၀၀ကျော်သေဆုံး

အစ္စလမ္မာဘတ် မေ ၂၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းလူမျိုးစုဒေသ၌ မေ၂၂ရက်တွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့နှင့် စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားရာ စစ်သွေးကြွ ၂၇ဦးသေဆုံးကြောင်း ပြည်နယ်မီဒီယာက သတင်းထုတ်ပြန်သည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း ကိုရာဇီဒေသရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်ကို စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးပြုလုပ်ပြီး စစ်သွေးကြွများခိုအောင်းရာ ဒေသလေးခုကို တိုက်ခိုက်ဖျက်ဆီးလိုက်ကြောင်း သိရသည်။

ပါကစ္စတန်လူမျိုးစုဒေသအတွင်း စစ်သွေးကြွများအားနှိမ်နင်းသည့် နှစ်လကြာ စစ်ဆင်ရေးတွင် စစ်သွေးကြွ ၇၀၀ကျော်သေဆုံးကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကျင်းပသည့် ၂၀၁၀ ပါကစ္စတန် ထုတ်ကုန်ပစ္စည်းပြပွဲကို မေ ၂၂ ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

ဆိုမာလီယာ နယ်စပ်ဒေသ၌ အီသီယိုးပီးယားတပ်ဖွဲ့ဝင်များနှင့် ဒေသခံများတိုက်ခိုက်

မိုဂါဒစ်ရှူး မေ ၂၃

ဆိုမာလီယာနိုင်ငံမှခွဲထွက်သည့် ဆိုမာလီယာနယ်စပ်ဒေသ၌ အီသီယိုးပီးယားတပ်ဖွဲ့ဝင်များနှင့် အဆိုပါဒေသမှ ဒေသခံများ တိုက်ခိုက်မှုဖြစ်ပွားသဖြင့် ၁၂ဦးထက်မနည်း သေဆုံးကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မေ ၂၂ရက်က ဖော်ပြထားသည်။

အီသီယိုးပီးယားတပ်ဖွဲ့ဝင်များသည် ယင်းဒေသသို့ လွန်ခဲ့သည့်ရက်သတ္တပတ်က ဝင်ရောက်စဉ် ဘူဟူဒယ်ခရိုင်မှ ဒေသခံများနှင့် ထိပ်တိုက်တွေ့ခဲ့ကြခြင်းဖြစ်သည်။

အီသီယိုးပီးယားတပ်ဖွဲ့ဝင်များနှင့် ၄င်းဒေသခံများ မွန်းလွဲပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုကြောင့် အရပ်သား ၁၂ ဦးသေဆုံးပြီး ယင်းဒေသ၌ တိုက်ခိုက်မှုများ မကြာခဏဆိုသလို ပေါ်ပေါက်လျက်ရှိသည်ဟု ဘူဟူဒယ်မင်းကြီး ယူဆွတ်မိုဟာမက်က အေအက်ဖ်ပီသို့ ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) ကာကွယ်မှုဆိုင်ရာ ပညာပေးဟောပြောပွဲ ပြည်နည်းပညာတက္ကသိုလ်၌ကျင်းပ

ပြည် မေ ၂၃

ကမ္ဘာ့လူတုပ်ကွေးရောဂါ A(H1N1) ကာကွယ်မှုဆိုင်ရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၆ရက် နံနက် ၉နာရီက ပြည်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဟောပြော

ထို့နောက် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးမှ ရောဂါဗေဒအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်သန်းက ကမ္ဘာ့လူတုပ်ကွေး A(H1N1)ရောဂါကာကွယ်မှုဆိုင်ရာ အချက်အလက်များဟောပြောရာ အဆိုပါ ဟောပြောပွဲသို့ နည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀၀ခန့် တက်ရောက်ကြသည်။

ဂုဏ်ပြုအားပေး

အလားတူ ပြည်နည်းပညာတက္ကသိုလ်၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို မေ ၇ရက် နံနက် ၈နာရီက တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာကေသီလွင်နှင့် ဆရာ ဆရာမများက သွေးလှူရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုအားပေးခဲ့သည်။

(တိုင်း ပြန်/ဆက်)

သောက်သုံးရေရရှိရေး မိုင်းဖြတ်၌ ဆောင်ရွက်

မိုင်းဖြတ် မေ ၂၃

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပေါ်ရေပေးရေးလုပ်ငန်းဖြစ်သော (ဖားဖေ့) လျှို့ရေထွက်၏ ရေထွက်ရှိမှုအခြေအနေ၊ ရေစုကန်တွင် ရေစုဆောင်းနေမှုတို့ကို မေ ၁၄ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့ပြီး လျှို့ရေထွက်ရှိမှုနှင့် ရေထွက်အား ပိုမိုကောင်းမွန်စေရေး၊ မြို့နေပြည်သူများနှင့် ရေတိုင် ၁၀၆ တိုင်အား သောက်သုံးရေ လုံလောက်စွာဖြန့်ဝေပေးနိုင်ရေး မှာကြားသည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ်ရေး သတိပေးနှိုးဆော်ချက် မြေစိုက်ဆိုင်းဘုတ် စိုက်ထူ

သျှောင်တုန်း မေ ၂၃

ရာသီဥတုပူပြင်း၍ အပူရှိန်မြင့်မားလာသော ကာလများတွင် ငါးမွေးမြူရေးကန်များ၌ ကန်ရေများခန်းခြောက်ကာ ရေနည်းလာပြီး ရေအရည်အသွေးကျဆင်းကာ ငါးများသေဆုံးတတ်သဖြင့် မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ်တားဆီးရေး သတိပေးနှိုးဆော်ချက် မြေစိုက်ဆိုင်းဘုတ်စိုက်ထူပွဲနှင့် ပညာပေး ဆွေးနွေးပွဲကို ဧပြီ ၆ရက်က မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူး၍ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ သျှောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရေ၊ မြေ အရည်အသွေးတိုင်းတာစစ်ဆေးရေးနှင့် ငါး၊ ပုစွန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းရှေ့၌ ကျင်းပသည်။

စုပေါင်းစိုက်ထူ

အခမ်းအနားတွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်၊ သျှောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦး၊ ပန်းတနော်မြို့နယ် ဦးစီးမှူး ဦးဇော်မင်းဦး၊ ဓာတ်ခွဲခန်းတာဝန်ခံ ဒေါ်မော်မော်သန်းနှင့် တာဝန်ရှိသူများ၊ သျှောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စုနှင့် သဇင်ရေကျော်ကျေးရွာအုပ်စုများမှ ငါးမွေးမြူရေးကန်ပိုင်ရှင်များက ပညာပေး မြေစိုက်ဆိုင်းဘုတ်ကို စိုက်ထူကြသည်။ **(အောက်ပုံ)**

အကြံဉာဏ်များရယူ

ထို့နောက် မအူပင်ခရိုင်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်၊ သျှောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦး၊ ဓာတ်ခွဲခန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မော်မော်သန်းနှင့် ငါးမျိုးမြင့်တင်ရေး စခန်းခွဲတာဝန်ခံ ဦးမြသိန်းတို့က ငါးမွေးမြူရေးကန်များမှ ရေအရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ငါးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် နိုင်ငံခြားဈေးကွက်ဝင် စံချိန်မီငါးများ တိုးတက်မွေးမြူ ထုတ်လုပ်နိုင်ရေး၊ ငါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူရေးများကို ပညာပေးဆွေးနွေးကြရာ ငါးမွေးမြူသူများကလည်း မေးမြန်း၍ အကြံဉာဏ်များ ရယူကြသည်။ (၁၅၂)

တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန ယာဉ်နှင့်ယာဉ်မောင်းများအား စစ်ဆေးပညာပေး

တောင်ငူ မေ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (တောင်ငူ)မှ ခရိုင်ဦးစီးမှူး ဦးသောင်းမြင့် ဦးဆောင်သောအဖွဲ့သည် တောင်ငူခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဖြင့်ပူးပေါင်း၍ မေ ၁၁ရက်က ရန်ကုန်-မန္တလေးလမ်းမကြီး တော်ဝင်ကားဂိတ်၊ တပင်ရွှေထီးကားဂိတ်နှင့် တောင်ငူကားဂိတ်များတွင် ယာဉ်နှင့်ယာဉ်မောင်းများအား ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ လိုအပ်သည်များ ပညာပေးဟောပြောသည်။ **(အပေါ်ပုံ)** (၀၅၂)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဂျော်ဒန်နှင့်စပိန် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပ

ဂျော်ဒန်နှင့်စပိန် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် ပါလက်စတိုင်းနှင့် အစ္စရေးတို့ တိုက်ရိုက်ဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် မေ၂၃ရက်က ဆွေးနွေးခဲ့ကြကြောင်း ဂျော်ဒန်အရာရှိများက ပြောကြားသည်။

ဘော့စနီးယားနိုင်ငံ ဘီဂျယ်ဂျီနာမြို့၌ ဓာတ်ငွေ့ပေါက်ကွဲ

ဘော့စနီးယားနိုင်ငံ ဘီဂျယ်ဂျီနာမြို့၌ မေ ၂၃ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဘီဂျယ်ဂျီနာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

နီပေါအလယ်ပိုင်း၌ မူးယစ်ဆေးဝါး သိမ်းဆည်းရမိ

နီပေါနိုင်ငံအလယ်ပိုင်း ဆင်ဒူပါချောက်ခရိုင် ဘာဟာဘော့စ်မြို့ စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါး ၄၆ဂရမ်ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားသည်။

ဂျပန် ကုန်တင်သင်္ဘော မုန်တိုင်းမိ

ဂျပန်နိုင်ငံ မီယာဇာကီစီရင်စု ဟူဂါမြို့ကမ်းလွန်တွင် မေ၂၃ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ဂျပန်ကုန်တင်သင်္ဘောတစ်စင်းမှ သင်္ဘောသားသုံးဦးသေဆုံးပြီး အခြားသင်္ဘောသားများပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်ကမ်းခြေစောင့် လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

တရုတ်၌ ရထားလမ်းချော်တိမ်းမှောက်မှု ဖြစ်ပွား

တရုတ်နိုင်ငံ ကျန်စီပြည်နယ်အရှေ့ပိုင်း ကိုင်လန်မြို့အနီးတွင် မေ ၂၃ရက်က ခရီးသည်တင် ရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ရာ ခရီးသည်၁၀ဦးသေဆုံးပြီး ၅၅ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နိုင်ငံ ရထားလုပ်ငန်းအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

အီဂျစ်နှင့်လက်ဘနွန် ဒေသရေးရာကိစ္စရပ်များ ဆွေးနွေး

အီဂျစ်နှင့်လက်ဘနွန် နှစ်နိုင်ငံမှ ခေါင်းဆောင်များဖြစ်သည့် အီဂျစ်သမ္မတ မူဘာရက်နှင့် လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီတို့သည် မေ ၂၃ရက်က အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

ကဘူးလ်မြို့ ဆင်ခြေဖုံးရပ်ကွက်၌ လက်နက်များတွေ့ရှိ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ ဆင်ခြေဖုံးအရပ်၌ လက်နက်မျိုးစုံ လျှို့ဝှက်စွာ သိမ်းဆည်းထားသော သိုလှောင်ရုံတစ်ရုံကို ရဲတပ်ဖွဲ့က မေ ၂၃ရက်၌ ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်နှင့်ဥဇဘက်ကစ္စတန်တို့ ပူးပေါင်းဆောင်ရွက်မည်

တရုတ်နှင့် ဥဇဘက်ကစ္စတန်တို့သည် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားကြရေးအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များက ဥဇဘက်ကစ္စတန်နိုင်ငံ တာ့ရှ်ကင့်မြို့၌ မေ ၂၃ရက်က ဆွေးနွေးသဘောတူညီလိုက်ကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ လွှတ်တော်ရှေ့၌ ဗုံးတွေ့ရှိ

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ လွှတ်တော်အဆောက်အအုံရှေ့တွင် မေ ၂၃ရက် နံနက်က ဗုံးတစ်လုံးရှာဖွေတွေ့ရှိခဲ့ရာ ရဲတပ်ဖွဲ့က အမြန်ဖယ်ရှား ရှင်းလင်းနိုင်ခဲ့ကြောင်း ခတ္တမန္ဒူ ရဲတပ်ဖွဲ့က ပြောကြားသည်။ ။ (အင်တာနက်)

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း သောက်သုံးရေဖြန့်ဝေပေးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဌာနဆိုင်ရာများနှင့်အတူ မေ ၁၂ရက်က မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များတွင် သောက်သုံးရေဖြန့်ဝေပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်နေ ပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်များတွင် သောက်သုံးရေများကို ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းဂျာနယ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၂၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၇)၊ အမှတ်(၂) ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတပြည့်ဝစေရေး၊ တာဝန်နှင့်ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စောင့်ထိန်းရေးတို့အတွက် ဖြည့်ဆည်းပေးသည့် ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ဝေခြင်းဖြစ်သည်။

ယခုဂျာနယ်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၏ ဝန်ထမ်းများ သိသင့်သော ဥပဒေတစ်ရပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်သော ဦးလှမြင့်ဦး၏ နိုင်ငံ့ဝန်ထမ်းဖြစ်ရသည်မှာ ဂုဏ်ယူဖွယ်ရာ၊ ဦးညီထွန်း၏ ICT ဆိုင်ရာ စီမံအုပ်ချုပ်မှုပညာရပ်များ စသည့်ဆောင်းပါးများ ပါဝင်သည်။ ထို့အပြင် ဝန်ထမ်းအဖွဲ့အစည်းများဆိုင်ရာ ဆောင်းပါးများဖြစ်သည့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် လျှပ်စစ်စွမ်းအားဦးစီးဌာနတို့၏ နောက်ခံသမိုင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်ချက်များ ဖော်ပြပါရှိသည်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ-၂၀၁၀ (နေပြည်တော်)နှင့် စာတမ်းကောက်နုတ်ချက်များ၊ ပြည်တွင်း၊ ပြည်ပ နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ ပုံမှန်ဖော်ပြနေကျ အမှတ်တရ ပုံရိပ်များ ကဏ္ဍ၊ အထွေထွေကဏ္ဍ၊ ဆောင်းပါးခေါင်းစဉ်များ အညွှန်းတို့ပါဝင်ပြီး စုစုပေါင်း စာမျက်နှာ ၂၃၃ မျက်နှာပါရှိသည်။

ဝယ်ယူနိုင်

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာအရောင်းဆိုင်များ၊ နေပြည်တော်မြို့မဈေးတွင် မြတ်ရွှေတောင်စာပေ၊ နေပြည်တော် ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက် (ပန်းဆိုးတန်းလမ်း)၊ စာပေဗိမာန်စာအုပ်ဆိုင်(ကုန်သည်လမ်း)တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**



မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၈ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဖြည့်စွက်မှာကြား

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်သိန်းက တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ ပျားလုပ်ငန်းဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက ပျားရည်နှင့် ပျားထွက်ပစ္စည်းထုတ်လုပ်မှု၊ ပျားမွေးမြူရေးယူနစ်များ ထပ်မံတိုးချဲ့ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ငွေက ပညာသင်နှစ်အတွင်း သင်ကြားမှု၊ သင်ယူမှု အဆင့်မြင့်တင်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးသက်ရွှေက မွေးမြူရေးဆိုင်ရာ တိုးချဲ့လုပ်ငန်း ဆောင်ရွက်မှုနှင့် တိရစ္ဆာန် အစားအစာနှင့် ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ရေထွက်ပစ္စည်းဆိုင်ရာ လျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဆွေးနွေးတင်ပြမှုများအပေါ် ဝန်ကြီးက ရှေ့လုပ်ငန်းစဉ်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MCC Training Institute (ရတနာပုံ)၌ ကွန်ပျူတာသိပ္ပံဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်ထားနိုင်

နေပြည်တော် မေ ၂၃

ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်၌ ဖွင့်လှစ်ထားသော MCC Training Institute သည် နိုင်ငံတကာတက္ကသိုလ်မှ ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့၊ အင်ဂျင်နီယာဘွဲ့၊ စီးပွားရေးဘွဲ့များကို မြန်မာနိုင်ငံတွင် သင်ကြားနိုင်အောင် ဆောင်ရွက်လျက်ရှိရာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ တက်ရောက်နိုင်မည်ဖြစ်သည်။

၂၀၁၀ခုနှစ် ဇွန် ၂၄ရက်တွင် ဖွင့်လှစ်မည့် အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ B.Sc (Business IT) သင်တန်းအတွက် ကျောင်းဝင်ခွင့်လျှောက်လွှာများ စတင်ရယူပြီး လျှောက်ထားနိုင်ပြီ ဖြစ်သည်။ သင်တန်းကာလမှာ သုံးနှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပြီးနောက် ပညာဆက်လက်သင်ကြားလိုပါကလည်း အင်္ဂလန်နိုင်ငံ University of Portsmouth မှ ချီးမြှင့်မည့် ကွန်ပျူတာမဟာသိပ္ပံဘွဲ့ M.Sc (Strategic Business IT) ဘွဲ့ကို MCC Training Institute (ရတနာပုံ)၌ပင် ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ ကျောင်းသား ကျောင်းသူများအတွက် MCC Training Institute (ရတနာပုံ) Yangon Campus ကိုလည်း တစ်ပြိုင်တည်း သင်ကြားနိုင်စေရန် ဖွင့်လှစ်ထားသည်။ Yangon Campus စတင်ဖွင့်မည့်ရက်မှာ ဇွန် ၂၈ရက် ဖြစ်သည်။

တက်ရောက်

သင်တန်း တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများအနေဖြင့် MCC(ရုံးချုပ်) အဆောင်(၃-၄) သိမ်ကြီးဈေး(စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၇၇၅၈၊ ၂၄၅၇၇၆၂၊ ၂၄၈၀၁၅၂၊ ၂၄၆၆၃၄၊ MCC (ရတနာပုံ) International Center (3) ရတနာပုံ နည်းပညာမြို့သစ် ပြင်ဦးလွင် ဖုန်း-၀၂-၇၈၀၁၂၊ ၀၂-၇၈ ၁၁၄၊၀၉-၅၀-၆၇၁၆၅တို့တွင် ကျောင်းဝင်ခွင့် ပုံစံများရယူကာ လျှောက်ထား တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၅-၂၀၁၀
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေး တေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား France and USA
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း-၁၂)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၄၉)

တွံတေးမြို့နယ် အိုးဖိုအရှေ့ရပ်ကွက် ပထမအကြိမ် သက်ကြီးပူဇော်

တွံတေး မေ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အိုးဖိုအရှေ့ရပ်ကွက် ပထမအကြိမ် သက်ကြီးပူဇော်ပွဲအခမ်းအနားကိုပြီး ၂၇ရက် ညနေ၅နာရီက အဆိုပါရပ်ကွက်မင်းကျောင်းဘုန်းကြီး ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် အသက် ၇၅နှစ်အထက် ကန်တော့ခံ အဘိုး ၁၆ဦး၊ အဘွား ၄၅ဦး စုစုပေါင်း ၆၁ဦး တို့အား အိုးဖိုအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအေးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များမှ ဆေးဝါး အသုံးအဆောင်ပစ္စည်းနှင့် အဝတ်အစားများအား လှူဒါန်းပြီး ရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းအေးက လှူဒါန်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြရာ ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုး ဦးတင်ညွှန့် (အငြိမ်းစား ကျောင်းအုပ်ဆရာကြီး)က ဩဝါဒစကား ပြန်လည်ပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မေ၁၄ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေး ရေဂါလန် ၆၀၀၀၀ဆံ့ ရေဝေကန်မှ မြို့တွင်း ရေဖြန့်ဝေပေးနေမှုကို မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောတို့ ကွင်းဆင်းကြည့်ရှုစဉ်။

(သတင်းစဉ်)

ကြို့ပင်ကောက်မြို့နယ် သပြုပင်ကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်

ကြို့ပင်ကောက် မေ ၂၃

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု သပြုပင်ကျေးရွာ၌ မေ ၁၈ ရက် နံနက် ၁၀ နာရီက သပြုပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းပညာရေးမှူး ဦးဇော်ဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် ကျောင်း အကျိုးတော်ဆောင် ဦးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးချုပ်စိန်မြင့်က အခြေခံပညာ အထက်တန်းကျောင်းခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အဖွင့်အမှာ စကားပြောကြားပြီး တိုင်းပညာရေးမှူး ဦးဇော်ဝင်းက ပညာရေးဆိုင်ရာ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များ၏ လှူဒါန်း ငွေကျပ် ၁၀၂သိန်းကို ကျောင်းအကျိုးတော်ဆောင် ဦးဌေးဝင်းနှင့် ဦးဉာဏ်သိန်းဦးတို့သို့ ပေးအပ်လှူဒါန်းသည်။ **(၁၈၀)**

"ကျောက်ဆည်မှာ နွေနှမ်းကိုတစ်နှစ်ထက်တစ်နှစ် ပိုစိုက်လာကြပါတယ်"
ဦးတင်မင်း(လက်ထောက်ကြီးကြပ်ရေးမှူး)
ကျောက်ဆည်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း။

○ ရှေ့ဖုံးမှ

နွေဦးနှမ်းများ ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းနေမှုကို လေ့လာ သတင်းဆောင်းပါးရေးသားရန် ရောက်ရှိခဲ့ခြင်းပင်ဖြစ်သည်။

အောင်မြင်ဖြစ်ထွန်း

ယခုကဲ့သို့ နွေကာလ ချစ်ချစ်တောက်ပူပြင်းသောရာသီအတွင်း နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းနေသည်မှာလည်း ထူးခြားမှုဟု ဆိုလောက်ပေအံ့။ ဤသို့ ကျောက်ဆည်ခရိုင်အတွင်း နွေနှမ်းများ ထူးထူးခြားခြား အောင်မြင်နေခြင်းမှာလည်း ကင်းတားရေလှောင်တမံနှင့် ဇော်ဂျီရေလှောင်တမံတို့၏ ကျေးဇူးကင်းမည် မဟုတ်ပေ။ ထို့ထက် အရေးကြီးသော အချက်မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဒေသခံတောင်သူများအား မြေမှန်၊ မျိုးမှန်၊ စိုက်စနစ်မှန်အောင် လမ်းကြောင်းတည့်ပေးလိုက်ခြင်းကြောင့်ပင် ဖြစ်ပါ

"ကျောက်ဆည်ခရိုင်မှာ ဆင်းရတနာ(၄) နှမ်းဖြူမျိုး စိုက်ပျိုးပါတယ်"
ဒေါ်ခင်မာခိုင်
(လက်ထောက်ကြီးကြပ်ရေးမှူး)
ကျောက်ဆည်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း။

သည်။ ကျောက်ဆည်ခရိုင်အတွင်း နွေနှမ်း(ခေါ်)မိုးကြိုနှမ်းများ အောင်မြင်ဖြစ်ထွန်းနေမှုများနှင့်စပ်လျဉ်း၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စိုက်နည်းမှန်

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဖိုးစိန် ကိုယ်စား ဒု-ကြီးကြပ်ရေးမှူး ဒေါ်စိုးစိုးက "ကျွန်မတို့ ကျောက်ဆည်မြို့နယ်မှာ ၂၀၀၉-၂၀၁၀ စိုက်ပျိုးရေး ရာသီအတွင်း နွေနှမ်း ၁၈၆၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မြေမှန်၊ မျိုးမှန်၊ စိုက်နည်း မှန်အောင်စိုက် ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ ဒီဒေသက နှမ်းစိုက်တောင်သူတွေကို အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်လိုအားကောင်းတဲ့ ဆင်းရတနာ(၄) နှမ်းဖြူမျိုးကို ရွေးချယ်စိုက်ပျိုးစေခဲ့တယ်။ စိုက်နည်းအနေနဲ့ ယခင်က ဒီဒေသမှာ စိုက်နေကျ မိရိုးဖလာ ပက်ကြဲစနစ်အစား အတန်းလိုက်စိုက်တဲ့စနစ်ကို ဆောင်ရွက်စေခဲ့ပါတယ်။ ဒါကြောင့်လည်း မနှစ်က ဆိုလို့ရှိရင် တစ်ဧက ၁၇ဒသမ၅၆တင်း ထွက်ရှိခဲ့ပါပြီ။ ဆက်လက်ပြီးတော့ လည်း တစ်ဧကတင်း ၂၀မှ တင်း ၃၀ ထွက်ရှိရေး တောင်သူများနဲ့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထူးခြားချက်

ဆက်လက်၍ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခင်မာခိုင်က "ကျွန်မတို့ ကျောက်ဆည်မှာ စိုက်တဲ့နှမ်းမျိုးဟာ ဆင်းရတနာ(၄) နှမ်းဖြူမျိုးဖြစ်ပါတယ်။ ဒီမျိုးရဲ့ထူးခြားချက်က နှမ်းသီးလုံးများ ပင်စည်တစ်ခုတည်းမှာ တွယ်ကပ်သီးကြပါတယ်။ ပင်စည်မှ ကိုင်းများ ပွားထွက်လာခြင်းတော့မရှိပါဘူး။ နှမ်းတစ်ပင်မှာ သီးလုံး ၁၂၀အထိသီးနိုင်ပါတယ်"ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

"ကျွန်မတို့ ကျောက်ဆည်ခရိုင်မှာ နွေနှမ်းစိုက် တောင်သူများ စိုက်စနစ်မှန်ကန်ရေးကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ တွန်းအားပေး ဆောင်ရွက်နေပါတယ်"
ဒေါ်စိုးစိုး
(ဒုတိယကြီးကြပ်ရေးမှူး)
ကျောက်ဆည်
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်အောင် စိုက်ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ ဒီဒေသက နှမ်းစိုက်တောင်သူတွေကို အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်လိုအားကောင်းတဲ့ ဆင်းရတနာ(၄) နှမ်းဖြူမျိုးကို ရွေးချယ်စိုက်ပျိုးခဲ့။

နွေနှမ်းစိုက်ပျိုးရေးအတွက် ဇော်ဂျီရေလှောင်တမံမှ လက်တံမြောင်းဖြင့် ဤသို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ပိုမိုစိုက်လာကြ

တစ်ဖန် ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးတင်မင်းက "ကျွန်တော့်အနေနဲ့ ကျောက်ဆည်မြို့နယ် ကျေးကာ

"တစ်ဧက တင်း ၃၀ထွက်ရှိရေး ကြိုးစားနေပါတယ်"
ဦးလှသောင်း
(နှမ်းစိုက်တောင်သူ)
ကုလကျေးရွာ။

ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နွေနှမ်းစိုက်ဧက ၇၀၀ကို စိုက်ကြပ်အဖြစ် ဆောင်ရွက်ရပါတယ်။ နွေနှမ်းကို မိုးစပါးနဲ့ ကုလားပဲစိုက်အပြီးမှာ စိုက်ပါတယ်။ လိုအပ်တဲ့ရေကို ဇော်ဂျီရေလှောင်တမံမှ ဖြန့်ဖြူးပေးတဲ့ စိုက်ပျိုးရေနဲ့ စိုက်ပါတယ်။ မတ်လဆန်းလောက်မှ စစိုက်ပြီး ဇွန်လဆန်းမှာ နှမ်းပေါ်မှာဖြစ်ပါတယ်။ တကယ်အကျိုးရှိမှန်း ဒီဒေသက တောင်သူတွေ သိလာတာနဲ့ အမျှ နွေနှမ်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်လာကြပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ကုလကျေးရွာမှ နှမ်းစိုက်တောင်သူကြီးဖြစ်သည့် ဦးလှသောင်းကလည်း "ကျွန်တော် ယခုနှစ်နွေမှာ နှစ်ဧက စိုက်ထားပါတယ်။ မနှစ်ကတော့ တစ်ဧက ၂၂ တင်း ထွက်ပါတယ်။ ဒီနှစ်မှာတော့ တစ်ဧကတင်း ၃၀ ထွက်ရှိဖို့ အဓိကသွင်းအားစုတွေဖြစ်တဲ့ တစ်ဧကနွားချေး ရှစ်စီးနှုန်း၊ အာမို ကွန်ပေါင်းမြေဩဇာ တစ်အိတ်နှုန်း မစိုက်မီ မြေပြုပြင်ချိန်မှာ ထည့်ပေးပါတယ်။ တစ်ဧကအပင် ဝင်ဆံ့နှုန်း ပြည့်မီရေးအတွက် စိုက်ချိန်မှာ မျိုးအပြည့်စိုက်ပါတယ်။ ပြီးမှ သားခွဲတဲ့စနစ်ကျင့်သုံးပါတယ်"ဟု ရှင်းပြသည်။

ကျောက်ဆည် ခရိုင်အတွင်း ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်နှင့် တံတားဦးမြို့နယ်များပါဝင်ရာ ခရိုင်တစ်ခုလုံးအနေဖြင့် နွေနှမ်း၅၃၄၅၂ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေး မန်နေဂျာရုံးမှ စာရင်းဇယားများအရ သိရသည်။

သာမန်ထက်ပို

ကျောက်ဆည်ခရိုင်အတွင်း နွေနှမ်းအဖြစ် သာမန်ထက်ပိုကဲစွာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော သီးနှံတစ်မျိုးမှာ နွေစပါးပင်ဖြစ်သည်။ နွေစပါးကို ယခုနှစ် ၂၀၀၉-၂၀၁၀ စိုက်ပျိုးရေးရာသီအတွင်း ၅၀၃၈၂ ဧက စိုက်ပျိုးထားကြောင်း၊ ယမန်နှစ်က တစ်ဧက ၁၁၅ ဒသမ ၀၇ တင်းထွက်ရှိကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်း နွေစပါးနှင့် နွေနှမ်းတို့အပြင် ငွေချည် (၆)နှင့် ငရုတ်စသောသီးနှံများလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။

ထာဝရစိမ်းလန်း

သို့ဖြစ်ပေရာ ကင်းတားနှင့် ဇော်ဂျီရေလှောင်တမံတို့၏ ကျေးဇူးကြောင့် ကျောက်ဆည်ခရိုင်အတွင်း စပါး၊ နှမ်း၊ ဝါနှင့် ငရုတ်အစရှိသော သီးနှံများ နွေ၊ မိုး၊ ဆောင်းရာသီမရွေး စိုက်ပျိုးနိုင်ပြီဖြစ်ရာ ထာဝရစိမ်းလန်း သာယာနေသည့် ကျောက်ဆည်ခရိုင်သည် စိမ်းရောင်စုံပန်းချီကားတစ်ချပ်ပမာ လှပနေပါတော့သည်။ ။

(မြန်မာ့အလင်း)

စစ်တွေမြို့အတွင်း သောက်သုံးရေရှာဖွေထိန်းသိမ်းရေးဆွေးနွေးပွဲ

တိုင်းမှူးဗိုလ်ချုပ်သောင်းအေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၃

ရခိုင်ပြည်နယ် စစ်တွေမြို့ သောက်သုံးရေရှာဖွေထိန်းသိမ်းရေး ဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၇ရက် နံနက်ပိုင်းက စစ်တွေမြို့ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့က သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖတို့က မြေအောက်ရေ ရှာဖွေတူးဖော်နေမှု အခြေအနေများနှင့် ရေတွင်း၊ ရေကန်များ ပြန်လည်တူးဖော်ဆယ်ဖို့နိုင်မည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူတို့က လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

၄င်းနောက် တိုင်းမှူးက စစ်တွေမြို့အတွင်း သောက်သုံးရေပိုလျှံပြီး ထာဝစဉ်သိုလှောင်ထိန်းသိမ်းထားနိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖတို့မှ ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့အလှူငွေများနှင့် ရေစုပ်စက်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် စစ်တွေမြို့ မော်လိပ်ရပ်ကွက်နှင့် တရားသီးစုရပ်ကွက်များအတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကြည်နှင့် မကွေးတိုင်း၊ ခရိုင်၊

မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်နှင့် မကွေးတိုင်း မကွေးခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၇ရက် နံနက် ၈နာရီက မကွေးမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် မကွေးခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညိုဝင်းမောင်တို့က ဆွေးနွေးတင်ပြကြပြီး မကွေးခရိုင်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဆက်လက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၉)၏ (၁၂)နှစ်မြောက် ကျောင်းဆင်းအထိမ်းအမှတ် အလှူဒါနအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းပဒေသာပင် ငွေကျပ် ၂၂၅၀၀၀နှင့် ဆေးပဒေသာပင် ငွေကျပ်၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရွှေပါရမီသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၃

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ပြီး တပည့် ဒါယကာ၊ ဒါယိကာမများ၏ (၁၆)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၇၂၀တို့ လာရောက်သွေးလှူဒါန်းကြပြီး ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများက အမျိုးသားသွေးဌာနသို့ စက်ရေတွင်းနှင့် Regulator အတွက် ငွေကျပ် ၇၅သိန်း ၃သောင်း၊ သွေးခံအိတ်အတွက် ငွေကျပ် ၉သိန်း ၄သောင်းတို့ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

24-5 (07).pmd 1 5/24/2010, 1:23 AM

ရှေ့ဖုံးမှ

လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာတတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရန် ရည်မှန်းချက်များဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုလျှင် ရန်ကုန်ဒီဂရီကောလိပ်၏ နဝမအကြိမ်မြောက် ကျောင်းဆင်းပွဲ ကျင်းပနိုင်သည့်အခြေအနေ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။



ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်း အမှတ်စဉ်(၉)တွင် ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ကယန်းတိုင်းရင်းသား မောင်အောင်ချစ်။ (နယ်စပ်/စည်ပင်)



ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်း အမှတ်စဉ်(၉)တွင် အင်ဂျင်နီယာ ဘာသာထူးချွန်ဆုရ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှ ခမီတိုင်းရင်းသား မောင်ဘိုသန်းဌေး။ (နယ်စပ်/စည်ပင်)



ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သင်တန်း အမှတ်စဉ်(၉)တွင် သိပ္ပံဘာသာ ထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ ရှမ်းတိုင်းရင်းသား မောင်အောင်ကျော်ဇင်။ (နယ်စပ်/စည်ပင်)

အကုန်အကျခံဆောင်ရွက်ပေး

ယနေ့သင်တန်းအောင်မြင်ပြီးဆုံး၍ ဘွဲ့၊ ဒီပလိုမာရရှိလာကြပြီဖြစ်သည့် သင်တန်းသားများအနေဖြင့် မိမိတို့ဇာတိရပ်ရွာဖြစ်သည့် နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထူးချွန်စွာအောင်မြင်ကြ၍ အဆင့်မြင့်ဘွဲ့၊ ဒီဂရီများ ဆက်လက်လေ့လာ ဆည်းပူးကြရမည့် သင်တန်းသားများအနေဖြင့်လည်း သင်ယူလေ့လာမှု တာဝန်များပြီးဆုံးသည့် တစ်နေ့တွင် နယ်စပ်ဒေသများ၌ ပြန်လည်ပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၉ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၃၁၄၅၃၀ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွင့်လှစ်တည်ဆောက်ပေး

နယ်စပ်ဒေသများ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာချိန်တွင် ရရှိဖြစ်ထွန်းနေသည့် ဒေသခံဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင် ပေးနိုင်စွမ်းရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ နယ်စပ်ဒေသလူငယ်များအတွင်းမှ ဖြစ်ထွန်းလာစေရန်အတွက် ၂၀၀၀ ပြည့်နှစ်ကစပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခုကို ဖွင့်လှစ်တည်ဆောက်ပေးခဲ့ကြောင်း။

မွေးထုတ်ပေးနိုင်

၂၀၀၉ခုနှစ်အထိ ဒီဂရီကောလိပ်နှစ်ခုက မွေးထုတ်လိုက်သည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၈၆၆ ဦး၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၃၆၁ဦး ပေါင်း ၁၂၂၇ဦးတို့သည် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြည်နယ်၊ တိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက် ရှိနေကြပြီဖြစ်ကြောင်း၊ ကျောင်းဆင်းခဲ့သူများထဲမှ မဟာဝိဇ္ဇာဘွဲ့ ၂၀၊ မဟာသိပ္ပံဘွဲ့ ၃၇ ဦး၊ M.E ဘွဲ့လေးဦး၊ B.E ဘွဲ့ ၉၄ ဦး၊ B.Tech ဘွဲ့ ၁၄၇ဦး ရရှိကြပြီးဖြစ်ကြောင်း၊ ဆက်လက် ပညာဆည်းပူးကြသည့် ကျောင်းဆင်းဝန်ထမ်းများအနေဖြင့် ပါရဂူကျမ်းပြုစုလေးဦး၊ မဟာသုတေသန ၁၁ဦး၊ မဟာဝိဇ္ဇာ၊ သိပ္ပံ ၈၄ဦး၊ မဟာဝိဇ္ဇာ၊ သိပ္ပံအရည်အချင်းစစ် ၅၅ဦး၊ M.E ၂၅ဦး၊ B.E ၂၃ဦး၊ B.Tech ၁၀၇ ဦးတို့ဖြစ်ကြောင်း၊ ယခုနှစ် ၂၀၀၉-၂၀၁၀ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)က ဝိဇ္ဇာဘွဲ့ ၂၁ဦး၊ သိပ္ပံဘွဲ့ ၈၇ဦး၊ အေဂျီတီအိုင်ဒီပလိုမာ ၄၁ဦး ပေါင်း ၁၄၉ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

သင်တန်းသားများ အနေဖြင့် သင်ကြားလေ့ကျင့်ပေးလိုက်သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများကို ခိုင်မြဲအောင်၊ ပိုပြီးထူးချွန်ထက်မြက်အောင် ကြိုးစားအားထုတ်ပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသို့ သွားရောက်၍ ကျရာတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြပါ၊ ပေါ်ထွန်းလာတော့မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်နှင့် နိုင်ငံ့အကျိုးကို ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ မိမိတို့တာဝန်ထမ်းဆောင်ရမည့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက သင်တန်းတွင် ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရ ရှမ်းပြည်နယ် ဖယ်ခုံမြို့မှ ကယန်းတိုင်းရင်းသား မောင်အောင်ချစ်၊ သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ ရှမ်းတိုင်းရင်းသား မောင်အောင်ကျော်ဇင်၊ အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မှ ခမီတိုင်းရင်းသား မောင်ဘိုသန်းဌေးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာဘွဲ့ ၂၁ဦး၊ သိပ္ပံဘွဲ့ ၈၇ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၄၁ဦး စုစုပေါင်း ၁၄၉ဦးတို့ ဖြစ်သည်။

ယင်းတို့အနက်မှ ကချင်တိုင်းရင်းသား တစ်ဦး၊ ကယားတိုင်းရင်းသား ၂၀၊ ကယန်းတိုင်းရင်းသား ခုနစ်ဦး၊ ကရင်တိုင်းရင်းသား ၁၉ဦး၊ ချင်းတိုင်းရင်းသား ၂၄ဦး၊ ခမီတိုင်းရင်းသား ရှစ်ဦး၊ ဓနုတိုင်းရင်းသားသုံးဦး၊ နာဂတိုင်းရင်းသား ရှစ်ဦး၊ ပလောင်တိုင်းရင်းသား လေးဦး၊ ပအိုဝ်းတိုင်းရင်းသား ငါးဦး၊ မွန်တိုင်းရင်းသား ၁၄ဦး၊ မြိုတိုင်းရင်းသားနှစ်ဦး၊ ရခိုင်တိုင်းရင်းသား ၁၅ဦး၊ ရှမ်းတိုင်းရင်းသား ၁၁ဦး၊ အာခါတိုင်းရင်းသား လေးဦးနှင့် အင်းသားတိုင်းရင်းသား လေးဦး စုစုပေါင်း ၁၄၉ဦးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောဖုံးမှ

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြင်ဦးလွင်ခရိုင် အင်ဂျင်နီယာမှူး ဒေါ်အေးအေးမော်က ကတ္တရာလမ်းသစ်ခင်းပေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မိုးကုတ်မြို့မှ မြို့မိမြို့ဖ ဦးဘဌေးက လမ်းသစ်ဖွင့်လှစ်ပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးဦးခင်မောင်မြင့်နှင့် ဗိုလ်မှူးကြီးဝင်းဇော်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့အား ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလဲများကို တိုင်းအင်ဂျင်နီယာမှူးကြီးနှင့် ခရိုင်အင်ဂျင်နီယာမှူးတို့က ပေးအပ်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီးဦးခင်မောင်မြင့်၊ ဗိုလ်မှူးကြီးဝင်းဇော်နှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းတင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များနှင့်အတူ မုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများအား ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ၂၀၁၀ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို "ကမ္ဘာတစ်လွှား ဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများအား စာလုံးရေသုံးထောင်မှ ငါးထောင်အထိရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

<u>ပူးတွဲပေးပို့</u>

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှုအစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀×၁၄)လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

<u>ဆက်သွယ်ပေးပို့</u>

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၁၉ရက် ညနေ ၄နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းနှင့် လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ

ပို့ဆောင်ရေးဝန်ကြီးဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဆွေသည် မေ ၂၁ရက် မွန်းလွဲ ၂နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာဆောင်သို့ရောက်ရှိပြီး လုံခြုံရေးစစ်ဆေးဆောင်ရွက်မှု၊ ခရီးသည်နားနေဆောင်၊ Checking Counter တို့ကိုလည်းကောင်း၊ ပြည်ပမှ ဆိုက်ရောက်လာသည့် ခရီးသည်များနှင့် ပစ္စည်းများစစ်ဆေးမှု၊ လုံခြုံမှုစနစ်များထားရှိဆောင်ရွက်မှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုံခြုံရေး၊ ခရီးသည်များ အဆင်ပြေမှုရှိရေးနှင့် မလိုလားအပ်သည့် ကြန့်ကြာမှုများမဖြစ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဗဟိုလေကြောင်းထိန်းသိမ်းရေးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးအား လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ လေဆိပ်လုံခြုံရေး ဆောင်ရွက်ထားမှု၊ လေကြောင်း လုံခြုံရေးဆိုင်ရာပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ လေဆိပ်ဝန်ဆောင်မှုနှင့်လေကြောင်း ထိန်းသိမ်းရေး ဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နောက်ကျချေပဂိုးကြောင့် ရန်ကုန်တို့ ဥဿာကို အမှ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း ➤ ဖိုးသော်ဇင် | စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝ

ရန်ကုန် မေ ၂၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ကို ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်နှင့် ဥဿာယူနိုက်တက်တို့ သရေကျသွားပြီး မနော်မြေ F.C တို့ ဒုတိယမြောက်

သုဝဏ္ဏကွင်း

ရန်ကုန်ယူနိုက်တက် - တစ်ဂိုး။
ဥဿာယူနိုက်တက် - တစ်ဂိုး။

ရန်ကုန်ယူနိုက်တက်တို့ ၈၉ မိနစ်အထိ တစ်ဂိုးအနိုင်နဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် လက်ကျန်မိနစ်မှာ အနိုင်ကို မထိန်းနိုင်လို့ ဥဿာကို အမှတ်ခွဲပေးခဲ့ရပါတယ်။ နှစ်ပွဲဆက် အနိုင်ရထားလို့ စိတ်ဓာတ်တက်နေတဲ့ ဥဿာယူနိုက်တက်အသင်းဟာ အခုပွဲမှာလည်း ရန်ကုန်ကိုအကောင်းဆုံးဒုက္ခပေးနိုင်ခဲ့ပါတယ်။ နိုင်ငံခြားသားတိုက်စစ်မှူးတွေဖြစ်တဲ့ လစ်ပီလစ်ပီ၊အော်တူတို့ကို တွဲဖက်ပွဲထုတ်ခဲ့တဲ့ ဥဿာအသင်းဟာ ပွဲစကတည်းက ရန်ကုန် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပြီး အနိုင်ကိုထိန်းဖို့ ရန်ကုန်တို့ ခံစစ်အားပြုကစားချိန်မှာ တရစပ်ဖိကစားပြီး နောက်ဆုံးမိနစ်ချေပဂိုးနဲ့ အဖိုးတန်သရေတစ်မှတ် ရခဲ့တာဖြစ်ပါတယ်။

အရေးပါ

ပွဲစကတည်းက ပွဲဟာ အပြန်အလှန်ရှိခဲ့ပြီး ဂိုးသွင်းခွင့်တွေ အပြန်အလှန်ရခဲ့ပါတယ်။ လူထုတ်ပုံ အပြောင်းအလဲ အနည်းငယ်လုပ်ထားတဲ့ ရန်ကုန်ယူနိုက်တက်အသင်းဟာ ပထမပိုင်းမှာ ကစားပုံသိပ်မကောင်းခဲ့ပေမယ့် ဒုတိယပိုင်းကျမှ ရန်ကုန်အသင်း ကစားပုံပိုကောင်းလာပြီး ၅၃မိနစ်မှာ ဘရာဇီးတောင်ပံကစားသမား ဒေးဗစ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့လို့ ရန်ကုန်ဂိုး စရခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ရန်ကုန်တို့ ဂိုးသွင်းခွင့်တွေ ထပ်ရခဲ့ပေမယ့် တိုက်စစ်မှူး အဲရစ်ဆာကီအသုံးချနိုင်ခဲ့လို့ ရန်ကုန်ကံဆိုးသွားရပါတယ်။ အဲဒီအခွင့်အရေးတွေ ဂိုးမဖြစ်ခဲ့တာ မိနစ် ၈၀ လောက်မှာ တိုက်စစ်အားလျော့ကျခဲ့တာကြောင့် ချေပဂိုးရဖို့ တိုက်စစ်အားမြှင့်နေတဲ့ ဥဿာတို့ အကြိုက် ဖြစ်သွားခဲ့ပါတယ်။ ဥဿာယူနိုက်တက်အတွက် ချေပဂိုးကို မိနစ် ၉၀မှာ အောင်မိုးက သွင်းယူပေးခဲ့ပါတယ်။ အခုပွဲမှာ သရေတစ်မှတ်ရလို့ ရန်ကုန်ယူနိုက်တက် အသင်းဟာ တတိယနေရာပြန်ရောက်လာပေမယ့် ဒီနေရာမှာ ဆက်လက်ရပ်တည်နေဖို့ လက်ကျန်ပွဲတွေက အရေးပါနေပြီဖြစ်ပါတယ်။

ဗထူးကွင်း

မနော်မြေ - လေးဂိုး။
Delta United - နှစ်ဂိုး။

လေဆိပ်လုပ်ငန်းနှင့်
ရေးလုပ်ငန်းများ
ဆွ ကြည့်ရှုစစ်ဆေး

၂၃

န်းလွဲ ၂နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်
ခရီးသည်နားနေဆောင်၊ Checking Counter
နှင့် ပစ္စည်းများစစ်ဆေးမှု၊ လုံခြုံမှုစနစ်များထားရှိ
သည်များ အဆင်ပြေမှုရှိရေးနှင့် မလိုလားအပ်သည့်
ည်။

င်ထွန်းက
ကြားမှုဦးစီး
ထည်ဖော်
လုံခြုံရေး
င်း လုံခြုံ

ရေးဆိုင်ရာပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ လေဆိပ်ဝန်ဆောင်မှုနှင့်လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဒေါက်တာဘမောင် ချင်းပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဘမောင်နှင့် ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈နာရီခွဲက ဟားခါးမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဘမောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဘမောင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် လေဆိပ်များ လုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ရေး စသည်ဖြင့် မှာကြားပြီး Area Control Center နှင့်(အပေါ်ဝဲပုံ) Control Tower တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသစ်ပြန်လည်ဖွဲ့စည်းသော မြန်မာနိုင်ငံဘီလီယက်၊ စနူကာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းစည်းဝေး အားကစားဝန်ကြီးသူရဦးအေးမြင့် တက်ရောက်အမှာစကားပြောကြား

အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဘီလီယက်၊ စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကြိုးစားဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးသူရဦးအေးမြင့်က ဘီလီယက်နှင့် စနူကာအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အစဉ်အလာကောင်းများ ဆက်လက်ထိန်းသိမ်းရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အဖွဲ့ချုပ်အနေဖြင့် အောင်မြင်မှုများပိုမိုရရှိရေးအတွက် ကြိုးစားဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အကောင်အထည်ဖော်

ဆက်လက်၍ ဝန်ကြီးသည် ယနေ့ညနေ ၄နာရီတွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးသို့ တက်ရောက်၍ မြန်မာ့လက်ဝှေ့ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိရေးအတွက် လူရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေး စီမံချက်နှင့် အောင်နိုင်ရေး စီမံချက်များကို စနစ်တကျချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

န်ကုန်တို့ ဉသာကို အမှတ်ခွဲပေးခဲ့ရ

စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၃

နေ့ညနေ ၄နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ တို့ သရေကျသွားပြီး မနောမြေ F.C တို့ ဒုတိယမြောက် နိုင်ပွဲရသွားပါတယ်။

ခဲ့ပေမယ်
အသုံးချ
ပါတယ်။
ဖြစ်ခဲ့တာ
က်စစ်အား
ပဂိုးရဖို့
ဉသာတို့
ဉသာ
ချပဂိုးကို
င်းယူပေး

ခဲ့ပါတယ်။ အခုပွဲမှာ သရေတစ်မှတ်ရလို့ ရန်ကုန်ယူနိုက်တက် အသင်းဟာ တတိယနေရာပြန်ရောက်လာပေမယ့် ဒီနေရာမှာ ဆက်လက်ရပ်တည်နေဖို့ လက်ကျန်ပွဲတွေက အရေးပါနေပြီဖြစ်ပါတယ်။

ဗထူးကွင်း

မနောမြေ - လေးဂိုး။
Delta United - နှစ်ဂိုး။



အခုပွဲ ရလဒ်ကတော့ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲရဲ့ မထင်မှတ်တဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။ လက်ရှိ အသင်းအနေအထားအရ ကွာခြားမှုတွေ အများကြီးရှိပေမယ့် အသင်းသစ် မနောမြေအသင်းဟာ ဒယ်လ်တာကို ဂိုးပြတ်အနိုင်ယူခဲ့တာ ဖြစ်ပါတယ်။ မနောမြေအတွက် ဒုတိယမြောက်နိုင်ပွဲဖြစ်ပြီး အနိုင်ဂိုးတွေကို ၁၁မိနစ်မှာ အောင်မြင့်မြတ်၊ ၄၆ မိနစ်မှာ စိုးကိုကိုထွန်း၊ ၆၉မိနစ်မှာ မောင်မောင်အောင်နဲ့ ၇၃မိနစ်မှာ ဝင်းဇော်အောင်တို့က သွင်းယူပေးခဲ့ပါတယ်။ ဒယ်လ်တာအတွက် ချေပဂိုးတွေကို ၂၆မိနစ်နဲ့ ၂၈မိနစ်မှာ ထွန်းလင်းအောင်က သွင်းယူပေးခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

ယနေ့ပွဲ

ညနေ ၄ နာရီ

သုဝဏ္ဏကွင်း

ဆောက်သမ်းမြန်မာ - မကွေး

ဂိုးသွင်းရန် ကြိုးပမ်း

ရန်ကုန်ယူနိုက်တက်မှ အဲရစ်ဆာကီ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဉသာနောက်ခံလူများ ဖျက်ထုတ်ရှင်းလင်းစဉ်။

မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးပိုလာမည်

နေပြည်တော် မေ ၂၃

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့တွင် ၄ဒသမ ဝ၆လက်မ၊ ဘီးလင်းမြို့တွင် ၃ဒသမ ၅ဝလက်မ၊ ကျောက်ဆည်မြို့တွင် ၂ဒသမ ၂၉လက်မ၊ ကျောက်တော်မြို့တွင် ၂ဒသမ ၂၉လက်မနှင့် မြစ်ကြီးနားမြို့တွင် ၂ဒသမ ဝ၈လက်မတို့ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့ အနီးတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ သြရိဿကမ်းခြေတောင်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ မရှိ စောင့်ကြည့်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

<u>မေ ၂၄ရက် ညနေအထိခန့်မှန်းချက်မှာ</u> ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈ဝဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄ဝအထိ တိုက်ခတ်နိုင်သည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော "မုန်တိုင်းသတင်း"နှင့် "မုန်တိုင်းသတိပေးချက်"များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလသတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက "မုန်တိုင်းသတင်း"အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက "မုန်တိုင်းသတိပေးချက်"အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်းထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်း ဖြတ်သန်းဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့်လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက် သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသောနေရာတွင် စနစ်တကျ ထုပ်ပိုးသိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိမိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာလျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာနေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ဆေးပညာ သတင်းဆန်းများ(၇)

ဒေါက်တာကံညွန့်

လိုရင်သုံးဖို့ Cord Blood သိမ်းဆည်းခြင်း

အမေရိကန်နိုင်ငံ ကော်လိုရာဒိုမြို့က မိသားစုတစ်စု၏ အဖြစ်အပျက်တစ်ခုပါ။ သူတို့မှာ ကိုးလအရွယ်သမီးလေး Chole ဆိုတာရှိပါတယ်။ အဲဒီသမီးလေး ကိုးလအရွယ်လောက်မှာ သတိထားမိတာက သူ့ကလေးဟာ သူ့လက်ကို မမြှောက်နိုင်ဘဲ ခြေထောက်တစ်ဖက်ဟာ တရွတ်ဆွဲသလို ဖြစ်နေတယ်ဆိုတာပဲ။ သူတို့လည်း အကြီးအကျယ်စိတ်ဓာတ်ကျပြီး သူတို့မြို့မှာရှိတဲ့ ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီးထံ သွားပြတဲ့အခါ သူ့ကလေးမှာ ဦးနှောက်သွေးကြောပိတ်ပြီး လေတစ်ခြမ်းဖြန်းသွားတဲ့ရောဂါ (Cerebral Palsy) ဖြစ်ကြောင်း၊ လေ့ကျင့်ခန်းတွေနဲ့ အနည်းငယ်သက်သာလာနိုင်ပေမယ့် ပြန်ကောင်းဖို့တော့မရှိကြောင်း ပြောပြလိုက်ကြပါတယ်။

သူတို့မိသားစုဟာ အကြီးအကျယ် စိတ်ဓာတ်ကျသွားပါတယ်။ ဒါပေမယ့် မကြာခင်မှာပဲ အဲဒီကလေးလိုပဲ ဦးနှောက်သွေးကြောပိတ်ပြီး ကိုယ်တစ်ခြမ်းလေဖြန်းတာကို ကုပြီးပြန်လာတဲ့ ကလေးတစ်ယောက်ရဲ့သတင်းကို ကြားရပါတယ်။ ကြားရတာနဲ့ ချက်ချင်း အဲဒီဆရာဝန်ကြီးဆီကို ရောက်သွားပါတော့တယ်။ အဲဒီဆရာဝန်ကြီးက အဲဒီကလေးဟာ သူ့အမေမွေးစက သူ့အမေရဲ့ အချင်းကလေးရဲ့ Umblical Cord က ယူထားတဲ့ သွေးမှာပါတဲ့ Stem Cell နှင့် ကုသရကြောင်း ရှင်းပြပါတော့တယ်။

အဲဒီအချိန်မှာ သူတို့မှာလည်း သူ့ကလေးမွေးစက ယူထားတဲ့သွေးရှိကြောင်း ပြန်ပြောပြတော့ ယင်းသွေးကိုယူပြီး သွေးသွင်းကုသပေးပါတော့တယ်။

အဲဒီလိုကုသပြီး ရက်ပိုင်း၊ လပိုင်းအတွင်းမှာပဲ ကလေးဟာ လက်မြှောက်နိုင်ပြီး ခြေထောက်တစ်ဖက်ကလည်း တရွတ်မဆွဲဘဲ လှမ်းလာနိုင်ပါတော့တယ်။ အစက စကားမပြောနိုင်တာကနေ စကားလည်းပြောလာနိုင်ပြီး ကလေးဟာ တကယ့်လူကောင်းတစ်ယောက် ပြန်ဖြစ်လာပါတော့တယ်။ ဒါဟာ အမေရိကန်ပြည်ထောင်စု North Carolina က Duke University Medical Centre မှာ ကုခဲ့တဲ့ ကလေးတစ်ယောက်ရဲ့အဖြစ်ပါ။ ချက်သွေးမှာပါဝင်နေတဲ့ (Stem Cell) နဲ့ ကုသလိုက်လို့ အောင်မြင်သွားတဲ့ ကလေးရောဂါတစ်ခုရဲ့ ကုသချက်ပါ။

ဒါကြောင့်လည်း အမေရိကန်နှင့် တခြားနိုင်ငံကြီးတွေမှာတော့ မွေးစကလေးရဲ့ Cord Blood ကို ကလေးကြီးလာရင် ရောဂါတစ်ခုခုဖြစ်ခဲ့ရင် လိုလိုမယ်မယ် အသုံးပြုနိုင်အောင်ဆိုပြီး သိမ်းဆည်းထားခဲ့ကြတာ သိမ်းဆည်းထားနိုင်တဲ့နေရာတွေ အများကြီးဖြစ်နေပါပြီ။ သိမ်းဆည်းခလည်း အမေရိကန်ဒေါ်လာ ၂၀၀၀လောက်ပဲဆိုတော့ မွေးစကလေးတိုင်းလိုလို သိမ်းထားကြပါပြီ။ ဒါက ဘာကြောင့်လဲဆိုတော့ မွေးစ ချက်ကြောသွေးမှာပါတဲ့ Stem Cell ရဲ့ အသုံးဝင်မှုကြောင့်ပါပဲ။

Stem Cell ရဲ့ အသုံးဝင်ပုံကို ဆေးသိပ္ပံပညာရှင်တွေ သိခဲ့ကြတာ ဆယ်စုနှစ် နှစ်ခုတောင် မကြာသေးပါဘူး။ ဆေးပညာလောကမှာ ရောဂါတွေ အမျိုးမျိုးကြောင့် ခန္ဓာကိုယ်ထဲက (organ) တစ်ခုခု ပျက်စီးသွားရင်၊ အစိတ်အပိုင်းတစ်ခုခု မှားယွင်းသွားရင် အစားထိုးအသုံးပြုဖို့ Stem Cell ကို အသုံးပြုလာခဲ့ကြပါပြီ။

သွေးရောဂါနှင့်ပတ်သက်ပြီး ဖြစ်ပေါ်တတ်တဲ့ သွေးကင်ဆာ (Lukaemia)၊ သွေးအားနည်းရောဂါ (Sickle Cell Anaemia)၊ သွေးဖြူဥနည်းပြီးဖြစ်တဲ့ သွေးအားနည်းရောဂါ (Thalassemia) တွေမှာ ယခင်က Bone Marrow Transplant (ရိုးတွင်းခြင်ဆီအစားထိုးကုသမှု)တွေနဲ့သာ ကုခဲ့ကြပေမယ့် ယခုအခါ ချက်ကြောကယူထားတဲ့သွေး (Cord Blood) နဲ့ အောင်မြင်စွာ ကုသနိုင်ပြီဖြစ်ပါတယ်။

ဒါ့အပြင် နှလုံး၊ ဦးနှောက်၊ ကျောရိုး၊ မျက်စိသို့မဟုတ် တခြားကိုယ်ခန္ဓာထဲက ကျောက်ကပ်၊ အသည်းလို (organ) တစ်ခုခုမှာဖြစ်စေ သွေးကြောပိတ်လို့ tissue တစ်ပိုင်းတစ်စ ပျက်စီးသွားတာမျိုးကိုလည်း Stem Celltransplant နည်းနဲ့ အောင်မြင်စွာ ကုသနိုင်ပြီဖြစ်ပါတယ်။

ဒါကြောင့် ဒီStem Cell ကို လွယ်လွယ်ကူကူရနိုင်တဲ့နည်းဖြစ်တဲ့ မွေးစကလေးရဲ့ Cord Blood ကို သိမ်းဆည်းထားခြင်းဟာ ကလေးကြီးလာလို့ ဒါနဲ့ပတ်သက်တဲ့ရောဂါတစ်ခုဖြစ်လာရင် အလွယ်တကူ ကုသပေးနိုင်အောင်ဆိုပြီး tissue ဘဏ်မှာ သိမ်းဆည်းခဲ့ကြတာဖြစ်တယ်။ အရှေ့တောင်အာရှမှာတော့ စင်ကာပူနိုင်ငံမှာ ၂၀၀၅ ခုနှစ်ကတည်းက SCBB(Singapore Cord Blood Bank)ဆိုပြီး စတင်ဆောင်ရွက်နေခဲ့ပါပြီ။ အခုထိတော့ အဲဒီကနေပြီး လူနာ ၃၅ ဦးရဲ့အသက်ကို ကယ်နိုင်ခဲ့ပြီလို့ သိရပါတယ်။

ကမ္ဘာမှာ သတ္တမမြောက် အသေအပျောက် အများဆုံးရောဂါ

နောက်သတင်းတစ်ပုဒ်ကတော့ မြန်မာပြည်မှာရော ကမ္ဘာအရပ်ရပ်မှာပါ ဖြစ်ပွားနေတဲ့ တီဘီရောဂါအကြောင်းပါပဲ။ နှစ်စဉ် မတ်လ ၂၄ရက်နေ့ကို တီဘီရောဂါတိုက်ဖျက်ရေးနေ့ဆိုပြီး ကမ္ဘာနှင့်အဝန်း ကျင်းပခဲ့ကြပါတယ်။ တီဘီရောဂါဟာ လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်လာတဲ့ ရောဂါကြီးတစ်ခုဖြစ်လာလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တီဘီရောဂါပိုးကို ရှာတွေ့ခဲ့တဲ့ ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့ချ်ရဲ့ တီဘီရောဂါပိုး ရှာဖွေတွေ့ခဲ့တဲ့နေ့ ၁၈၈၂ခုနှစ် မတ်လ ၂၄ရက်နေ့ကို ဂုဏ်ပြုပြီး သတ်မှတ်ပေးခဲ့တာပါ။ ဒါပေမယ့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အခုလို နေ့တစ်နေ့သတ်မှတ်ပြီး ကျင်းပခဲ့တာကတော့ ၁၉၉၆ခုနှစ်က စလို့ပါပဲ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ၂၀၀၉ခုနှစ် အစီရင်ခံစာအရ တီဘီရောဂါဟာ ကမ္ဘာမှာ သတ္တမမြောက် အသေအပျောက် အများဆုံးရောဂါဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်း လူဦးရေ ကိုးသန်းလေးသိန်းကျော်ခံစားနေရပြီး နှစ်စဉ် လူဦးရေ တစ်သန်းရှစ်သိန်းကျော်လောက် သေဆုံးနေရတဲ့ ရောဂါပါ။ တီဘီရောဂါကို ဘာကြောင့် အရေးတကြီး ဖော်ပြရသလဲဆိုရင် ကမ္ဘာတစ်ဝန်း တီဘီရောဂါဖြစ်သူရဲ့ ၈၅ရာခိုင်နှုန်းနှင့် တီဘီရောဂါကြောင့် သေဆုံးရသူအားလုံးရဲ့ ၉၀ရာခိုင်နှုန်းဟာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ(၅)နိုင်ငံက ဖြစ်နေလို့ပါပဲ။ အဲဒီနိုင်ငံတွေထဲမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ ပါဝင်ပါတယ်။

တရုတ်နိုင်ငံဟာ အိန္ဒိယနိုင်ငံလိုပဲ နှစ်စဉ်ရောဂါဖြစ်သူ တစ်သိန်းခန့်ရှိနေတဲ့ နိုင်ငံလို့ သိရပါတယ်။ ၂၀၀၈ခုနှစ် စစ်တမ်းတစ်ခုအရ တရုတ်နှင့် အိန္ဒိယနိုင်ငံတွေမှာဖြစ်ပွားနေတဲ့ တီဘီဝေဒနာရှင်တွေရဲ့ တစ်ဝက်ကျော်ဟာ သာမန်တီဘီဆေးတွေနဲ့ မတိုးတော့ဘဲ ဆေးယဉ်ပါးနေတယ်ဆိုတာ တွေ့ရလို့ပါပဲ။ ဒီလိုအဖြစ်မျိုးကို အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းက နိုင်ငံတချို့မှာလည်း တွေ့နေရတယ်လို့ ဆိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနေနဲ့ကတော့ ကမ္ဘာတစ်ဝန်း တီဘီဝေဒနာရှင်အားလုံးရဲ့ လေးရာခိုင်နှုန်းခန့်ဟာ ဆေးယဉ်ပါးတဲ့ ရောဂါခံစားနေရပြီး လူဦးရေအားဖြင့်တွက်ရင်တော့ လူနာ သုံးသိန်းကိုးသောင်းကနေ ငါးသိန်းတစ်သောင်းကျော်လောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

အဲဒါ ၂၀၀၈ခုနှစ် လုပ်ခဲ့တဲ့စစ်တမ်းပါ။ အရှေ့တောင်အာရှအနေနဲ့တော့ တီဘီရောဂါများနေတာဟာ ဝေဒနာရှင်အားလုံးရဲ့ ၆၀ရာခိုင်နှုန်းလောက်သာ ဆေးကုသမှုခံယူကြပြီး ၄၀ရာခိုင်နှုန်းဟာ ဆေးမှန်မှန်မကုကြဘူးလို့ ဆိုထားပါတယ်။ ဒါဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုင်ငံပေါင်း၃၅နိုင်ငံမှာလေ့လာပြီး တင်ပြထားတာပါ။ ဒါကြောင့် တီဘီရောဂါတိုက်ဖျက်ရေးမှာ ဆေးယဉ်ပါးနေတဲ့ကိစ္စနှင့် ဆေးမှန်မှန်မကုကြသူတို့ကြောင့် အခက်အခဲဖြစ်နေရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

လိမ့်ကျ၊ လဲကျမှုများ သတိထား

ဦးခေါင်းနှင့် ဦးနှောက်ဒဏ်ရာရမှုဟာ အများအားဖြင့် လိမ့်ကျမှုနှင့် ယာဉ်တိုက်မှုတို့ကြောင့် အများဆုံးဖြစ်ကြောင်း အမေရိကန်နိုင်ငံ Atlanta မှ ဆေးပညာရှင်တစ်စုက လေ့လာတင်ပြထားပါတယ်။ အမေရိကန်နိုင်ငံမှာ နှစ်စဉ်လူဦးရေ ၁ဒသမ၇ သန်းဟာ ဦးနှောက်နှင့် ဦးခေါင်းဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းတို့အနက် ငါးသောင်းနှစ်ထောင်မှာ သေဆုံးကြရပြီး လူနာ နှစ်သိန်းခုနစ်သောင်းငါးထောင်မှာ ဆေးရုံတင်ကုသထားရကြောင်းနှင့် Centre for Disease Control and Prevention ဌာနမှ ၂၀၀၂ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း လေ့လာထားသည့် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ၎င်းပြင် အများအားဖြင့် မွေးစမှ အသက်လေးနှစ်အတွင်း ကလေးသူငယ်များနှင့် အသက်(၆၅)နှစ်အထက် လူကြီးများမှာ လိမ့်ကျခြင်း၊ လဲကျခြင်းကြောင့် ဖြစ်ကြရပြီး အသက်(၁၅)နှစ်မှ (၆၅)နှစ်ထိ လူအများစုမှာ ထိခိုက်ဒဏ်ရာ၊ ယာဉ်တိုက်မှု တစ်ခုခုကြောင့်ဖြစ်ကြရကြောင်း လေ့လာထားပါတယ်။ ဒါကြောင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် ဦးခေါင်းနှင့် ဦးနှောက်ဒဏ်ရာ ကာကွယ်လိုလျှင် လိမ့်ကျခြင်း၊ လဲကျခြင်းမရှိအောင် သတိထားဖို့ တိုက်တွန်းလိုက်ရပါတယ်။

ပိုးသန့်စင်ပြီးမှ အပ်စိုက်ကုပါ

နောက်ထပ် သတင်းတစ်ပုဒ်ကတော့ အပ်စိုက်ကုသခြင်းနှင့်ဆိုင်တဲ့ သတင်းတစ်ပုဒ်ပါ။ အပ်စိုက်ကုသခြင်းဟာ တရုတ်ပြည်က စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီအပ်စိုက် ကုသရာမှာ အသုံးပြုတဲ့ အပ်၊ ဂွမ်းနှင့် အရေပြားကို ပိုးသေအောင် မလုပ်တာကြောင့် အပ်စိုက်ကုသတာကနေ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးနှင့် တခြားရောဂါများဖြစ်စေတဲ့ ဗက်တီးရီးယားပိုးများ ဝင်နိုင်ကြောင်း၊ တချို့ဆိုရင် HIV ပိုးများပင် ကူးစက်နိုင်ကြောင်း တရုတ်နိုင်ငံကြီး၏ တစ်စိတ်တစ်ဒေသဖြစ်တဲ့ ဟောင်ကောင် ယူနီဗာစီတီမှ အဏုဇီဝဗေဒ ပါမောက္ခတစ်ဦးဖြစ်သူ ဒေါက်တာ Patrick Woo က British Medical Journal မှာ ရေးသားဖော်ပြလိုက်ပါတယ်။ ဒါကြောင့် ကမ္ဘာအနှံ့မှာ တွင်တွင်ကျယ်ကျယ် ဖြစ်နေတဲ့ အပ်စိုက်ကုပညာရှင်တွေကို အပ်စိုက်တဲ့အခါ အရေပြားပိုးသန့်စင်ရေး၊ တစ်ခါသုံးအပ်များ အသုံးပြုရေး၊ ယင်းမှာအသုံးပြုတဲ့ ဂွမ်း၊ အဝတ်၊ ပတ်တီးတို့ကို ပိုးသန့်စင်အောင် အထူးပြုလုပ်ပြီးမှ ကုသပေးကြဖို့ အကြံပေး နှိုးဆော်ထားပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း အပ်စိုက်ကုသူတွေ အတော်အတန်ရှိနေပြီဖြစ်တာကြောင့် ဒီသတင်းကို ဖော်ပြလိုက်ရတာပါ။

ပဋိသန္ဓေတားဆေး အကျိုးပေး

ထပ်ဖော်ပြချင်တဲ့ သတင်းတစ်ပုဒ်ကတော့ အိမ်ထောင်ရှင်အမျိုးသမီးတွေ စားသုံးလေ့ရှိကြတဲ့ ပဋိသန္ဓေတားဆေးနှင့် ပတ်သက်တဲ့ သတင်းပါ။ ယခင်က ယင်းဆေးစားသုံးသူတချို့မှာ သွေးတိုးရောဂါ၊ သွေးခဲရောဂါနှင့် Breast Cancer တို့ ဖြစ်ပွားနိုင်တယ်ဆိုပြီး လေ့လာထားခဲ့ကြတယ်။ အခုနောက်ဆုံး စကော့တလန်နိုင်ငံ Aberdeen ဆေးတက္ကသိုလ်မှ ဆရာဝန်များ၏ လေ့လာချက်များအရ ၎င်းဆေးစားသုံးသူများဟာ ကင်ဆာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါတို့ မဖြစ်နိုင်တဲ့အပြင် ၎င်းရောဂါများ ဖြစ်နိုင်ခြေကို ၁၂ ရာခိုင်နှုန်းခန့် လျော့ပါးသွားစေနိုင်ကြောင်း လူနာပေါင်း ၄၆၀၀၀ကို (၄၅)နှစ်ကြာ သုတေသနပြုပြီးမှ ပေါ်ထွက်လာတဲ့သတင်းကို ဖော်ပြရင်း ယခုတစ်ပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၅ ၈။ **မြူတိမ်ကင်းသောနေ့**
- ၈:၂၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၅ ၃။ တေးဂီတအစီအစဉ်
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၅:၁၅ ၇။ မြန်မာစာ မြန်မာစကား
- ၅:၃၀ ၈။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ **ဆိုကြမယ် ပျော်ကြမယ်**
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၃)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၇)
- ၁၇။ **သုခုမရင်ပြင်**
- ၁၈။ အစီအစဉ်ပြီး၏။

ယခုအပတ်ထုတ်မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၃

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁၉)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ရန်ကုန်မြို့တော် ရေရှည်အနာဂတ် သောက်သုံးရေဖူလုံရေး ဘယ်လိုဆောင်ရွက်မလဲ၊ အနာဂတ်အုပ်ချုပ်ရေးအပြောင်းအလဲသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အထောက်အကူဖြစ်လိမ့်မည်ဟု မျှော်လင့်၊ ၂၀၁၀သည် လာနီညာနှစ်ဖြစ်လာလျှင် မိုးနှောင်းနှင့် မိုးလွန်တွင် မိုးကောင်းနိုင်၊ မုန်တိုင်းပိုဖြစ်နိုင်၊ ရေကြီးမှုဖြစ်နိုင်၊ ရန်ကုန်မြစ်သုံးဆိုင်အတွင်းနစ်မြုပ်နေသော ဓမ္မစေတီမင်း ခေါင်းလောင်းတော်ကြီး၏ တည်နေရာနှင့်ပုံရိပ်ကိုဖမ်းယူနိုင်ပြီ၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသားမိဘများ စတင် ကျောင်းအပ်နှံနေပြီ စသည့်မျက်နှာဖုံးဆောင်းပါးများ၊ လူထုစိန်ဝင်း၊ မောင်ဝံသ၊ ကိုကိုလှိုင်နှင့် ဦးစိန်ထွန်းဦး(ငွေကြေး)တို့၏ လေ့လာ မှတ်သားဖွယ်ရာ ရသစုံဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ နိုင်ငံရေးမှာ ငါသာလျှင် အလားအလာအရှိဆုံးဆိုတဲ့ အယူအဆမမှန်ဘူးဟု ပြောကြားသည့် ဗိုလ်တထောင်မြို့နယ်မှ ရွေးကောက်ပွဲဝင်မည့် ဦးတင်ရွှေ (ပခုက္ကူ)၊ မိတ်ဆွေကောင်းပီသဖို့လိုတယ် သွေးခွဲသပ်လျှိုသလိုမျိုးလုပ်တာကိုတော့ လက်မခံနိုင်ဟု ပြောကြားသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဒုတိယဥက္ကဋ္ဌ-၂ ကိုတင်မောင်အေးတို့နှင့် တွေ့ဆုံမေးမြန်းချက်များကို စုံလင်စွာ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များနှင့် မှုခင်းစုံစသည့် ကဏ္ဍများ ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် ကိုရီးယား-မြန်မာနှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုတိုးမြှင့်မည်၊ အိန္ဒိယ-မြန်မာနယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၊ ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ ဆိပ်ကမ်းနှင့်ရေကြောင်း သယ်ယူပို့ဆောင်ရေးအစီအစဉ်များကို အိန္ဒိယကုမ္ပဏီတစ်ခုက အကောင်အထည်ဖော်မည် စသည့် သတင်းများ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

မိုင်းပျဉ်းမြို့ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော နမ့်လပ်ဆည်မှ ရေပိုက်လိုင်းသွယ်တန်းထားရှိမှုကို ခေတ္တအမှုဆောင်အရာရှိ ဦးသန်းလွင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းအောင်မျိုးထက်နှင့်အဖွဲ့ မေ ၂၆ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖလားသုံးလုံးချန်ပီယံ အင်တာမီလန်

➤ စုစည်းရေးသူ - မြင့်မောင်စိုး ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

မက်ဒရစ် မေ ၂၃

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို မေ၂၃ရက်နံနက်ပိုင်းက စီးရီးအေချန်ပီယံအင်တာမီလန်အသင်းနှင့် ဘွန်ဒက်စ်လီဂါချန်ပီယံ ဘေယန်မြူးနစ်တို့ စပိန်နိုင်ငံ မက်ဒရစ်မြို့ ဘာနေဗျူးအားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မော်ရင်ဟို၏ အင်တာမီလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးသွားခဲ့ပေပြီ။

အနိုင်ဂိုးများ

အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးများကို မီလီတိုက ပွဲချိန် ၃၄မိနစ်တွင် တစ်ဂိုး၊ မိနစ်၇၀၌တစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပထမဆုံး

အင်တာမီလန်တို့ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့သော၁၉၆၅ခုနှစ်နောက်ပိုင်း စီးရီးအေအသင်းအနေဖြင့် ပထမဆုံးဖလား ဆွတ်ခူးလိုက်ခြင်းလည်းဖြစ်သည်။

ထို့အပြင် အင်တာမီလန်အသင်းသည် ပြည်တွင်းအမှတ်ပေးဖလားနှင့် ပြည်တွင်းလိဂ်ဖလားတို့ ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဖလားသုံးလုံးဆွတ်ခူးနိုင်သည့်အသင်းလည်း ဖြစ်သည်။

ချန်ပီယံလိဂ်ဖလားကြီးနှင့်အတူ အင်တာမီလန်အသင်းသားများ ဤသို့အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

ဆွတ်ခူးပေးနိုင်

အထူးသဖြင့် နည်းပြမော်ရင်ဟိုသည် အဆိုပါဥရောပချန်ပီယံလိဂ်ဖလားကို ၂၀၀၄ခုနှစ်က ပေါ်တိုအသင်းနှင့်အတူ ဆွတ်ခူးနိုင်ခဲ့၍ ယခုတစ်ဖန် အင်တာမီလန်အသင်းအား ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့ခြင်းကြောင့် အသင်းနှစ်သင်းကို ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပေးနိုင်သော တတိယမြောက်နည်းပြလည်း ဖြစ်လာသည်။ မော်ရင်ဟိုမတိုင်မီ က နည်းပြဟက်ပယ်နှင့် အော့မာဟစ်ဇ်ဖီးလ်တို့သည် ဥရောပချန်ပီယံလိဂ်ဖလားနှစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သော နည်းပြများဖြစ်ကြသည်။

ကမ်းလှမ်းထား

အသက်၄၇နှစ်သာရှိသေးသည့် နည်းပြ မော်ရင်ဟိုသည် နောက်ထပ်ချန်ပီယံလိဂ်ဖလားများ ဆွတ်ခူးပေးနိုင်မည့် အနေအထားရှိနေသည်။ ၎င်းအား ကမ္ဘာ့ဘောလုံးအင်အားကြီးအသင်း ရီရဲမက်ဒရစ်က လာမည့်နွေရာသီတွင် နည်းပြအဖြစ် ကမ်းလှမ်းထားပြီဖြစ်သည်။ **(အင်တာနက်)**

မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ပန်းချီ၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ မေ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ/ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို မေ ၁၉ရက် နံနက်က ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်အားပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင် လေးခရိုင်မှ ကျောင်းသူကျောင်းသားများနှင့် ပြင်ပပုဂ္ဂိုလ် စုစုပေါင်း ၁၃၃ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်အားပေးကြသည်။ **(အပေါ်ပုံ)** **(ပြည်နယ် မြန်/ဆက်)**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲလေ့လာရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် Global Summit of Women Conference သို့ တက်ရောက်ရန်နှင့် ၂၀၁၀ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ လေ့လာရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ ဦးဆောင်သည့် ၁၆ဦးပါအဖွဲ့သည် မေ ၁၆ရက် ညနေက လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဘဏ္ဍာရေးမှူး ဒေါ်တင်ရွှေနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် နွေစပါးစံကွက် ရိတ်သိမ်း

မောင်တော မေ ၂၃

၂၀၀၉-၂၀၁၀ခုနှစ် ရခိုင်ပြည်နယ် နယ်စပ်ဒေသ မောင်တောမြို့နယ်တွင် နွေစပါး ၅၂၆၇ဧက စိုက်ပျိုးခဲ့ရာ နွေစပါးများ ရိတ်သိမ်းပွဲကို မေ ၅ရက်က မောင်တောမြို့နယ် မြို့သူကြီးအုပ်စုကွင်းအမှတ် (၁၀၉-ခ)ရှိ တောင်သူ ဦးစိန်သီး စိုက်ပျိုးထားသော ရတနာအောင်စပါးမျိုး နွေစပါးစိုက်ခင်း လေးဧကကို ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များက ကွင်းဆင်းစံကွက်ရိတ်သိမ်းရာ တစ်ဧက ပျမ်းမျှ ၉၉ ဒသမ ၆၅တင်း ထွက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် မြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသရှိ ကျေးရွာများ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် ရေအရင်းအမြစ် ရရှိနိုင်သည့် ရေတွင်း၊ ရေကန်များ၊ သဘာဝရေထွက်များ ရှာဖွေဖော်ထုတ် ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၄ ရက်က ကွေ့ချောင်းကျေးရွာအနီး တောင်ပေါ်ရှိ သဘာဝရေထွက်တစ်ခုကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများဖြင့် ကွင်းဆင်းရှာဖွေခဲ့ပြီး ကျေးရွာအရောက် အမြန်ဆုံးရေသွယ်ရရှိရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

၂၀၁၀ခုနှစ် ဇွန်လ ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မေ ၂၂ရက်က ဇဟာန်းမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကျင်းပသော လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှု ကြိုတင်တားဆီးကာကွယ်ရေး ဗဟုသုတနှင့် သတင်းအချက်အလက်များ ဆွေးနွေးဖလှယ်ပွဲကို ကျိုက္ကဆံရပ်ကွက်၌ ကျင်းပစဉ်။

(၁၃၅)

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သောက်သုံးရေရရှိရေး ဌာနဆိုင်ရာများနှင့် အလှူရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

လားရှိုး မေ ၂၃

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် အလှူရှင်များ လှူဒါန်းသည့် စက်ရေတွင်းလေးတွင်း ဖွင့်ပွဲအခမ်းအနားများကို မေ ၁၉ရက်က အဆိုပါ စက်ရေတွင်းများရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်ချီးမြှင့်အားပေးသည်။

ဖွင့်လှစ်ပေး

အဆိုပါ စက်ရေတွင်းလေးတွင်းအနက် လားရှိုးမြို့ အမှတ် (၁၁)ရပ်ကွက် ရတနာလမ်းရှိ အလှူရှင် ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်ဇနီး ဒေါ်ချယ်ရီမိသားစုက လှူဒါန်းသော စက်ရေတွင်းကို နံနက် ၉နာရီတွင် လည်းကောင်း၊ အမှတ်(၁)ရပ်ကွက် ပါရမီလမ်းရှိ အလှူရှင် ဦးဝင်းကျော်သူ(ခ)ရဂူးက လှူဒါန်းသော စက်ရေတွင်းကို နံနက် ၉နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၁၀)ရပ်ကွက် တိုင်းရုံးလမ်းရှိ အလှူရှင် ဦးသန်းဝင်း (Mother's Love) မိသားစုကလှူဒါန်းသော စက်ရေတွင်းကို နံနက် ၁၀နာရီခွဲတွင်လည်းကောင်း၊ အမှတ် (၁၂)ရပ်ကွက် လေယာဉ်ကွင်းလမ်းရှိ အလှူရှင် ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဇနီး ဒေါ်ချယ်ရီမိသားစုက လှူဒါန်းသော စက်ရေတွင်းကို နံနက် ၁၁နာရီတွင်လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

စုပေါင်းတက်ရောက်

အဆိုပါ အခမ်းအနားများသို့ တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဦးအောင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ ရပ်ကွက်ပြည်သူများနှင့် ဒေသခံတိုင်းရင်းသားများ တပျော်တပါး စုပေါင်းတက်ရောက်ခဲ့ကြသည်။

စီစဉ်ဆောင်ရွက်

လားရှိုးမြို့တွင် ဟူးမွန်ဆည်၊ ကောက်ကွေ့ဆည်နှင့် ရေထွက်များမှ ဖြန့်ဝေလျက်ရှိသော ရပ်ကွက်များတွင် သောက်သုံးရေ လုံလောက်စွာရရှိကြသော်လည်း ရေကန်တောင်ပေါ်ရှိ ရေလှောင်ကန်များမှ ဖြန့်ဝေပေးလျက်ရှိသော ရပ်ကွက်များတွင်မူ ရေကန်များ ခန်းခြောက်မှုကြောင့် မြို့နေပြည်သူအချို့ သောက်သုံးရေ အခက်အခဲရှိနေရ၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ကြီးကြပ်မှု၊ စေတနာရှင် အလှူရှင်များ လှူဒါန်းမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ ဝိုင်းဝန်းပူးပေါင်းကာ ယခုကဲ့သို့ စက်ရေတွင်းများ တူးဖော်၍ အချိန်တိုအတွင်း သောက်သုံးရေရရှိအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ **(အပေါ်ဝဲပုံ)**

ဝမ်းမြောက်ဝမ်းသာ

ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် သောက်သုံးရေအခက်အခဲရှိသည့် ရပ်ကွက်ပြည်သူများအတွက် ယခုကဲ့သို့ စက်ရေတွင်းများ တူးဖော်၍ သောက်သုံးရေလုံလောက်စွာရရှိရေး စီစဉ်ပေးမှုကြောင့် ရပ်ကွက်နေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။

ချမှတ်ဆောင်ရွက်

ယခု ကြုံတွေ့နေရသည့် ရေရှားပါးမှုမျိုး နောင်နှစ်များတွင် ထပ်မံမဖြစ်ပေါ်စေရေးအတွက် ဒေသအာဏာပိုင်များ၊ သက်ဆိုင်ရာဌာနများမှ ရေများ ပိုမိုထိန်းသိမ်းသိုလှောင်နိုင်မည့် ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ကာ လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ - ရေးသားသည်

ကလေးများ အဝလွန်မှုသတိပြု ယိုပါသောအစားအစာနှင့် အချိုရည်ရှောင်ကြဉ်သင့်

ဂျီနီဗာ မေ ၂၃

ကမ္ဘာပေါ်တွင် အလွန်ဝသောကလေးများ တိုးပွားလာခြင်းကြောင့် ယိုပါသည့် အစားအသောက်များနှင့် အချိုရည်များ ကလေးများအား သောက်သုံးမှုလျှော့ချသွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သတိပေးလိုက်သည်။

အချိုရည်

နိုင်ငံအသီးသီးအနေဖြင့် ယိုပါသည့် အစားအသောက် မုန့်များ၊ အချိုရည်များနှင့် ပတ်သက်ပြီး ဈေးကွက်ရှာခြင်း၊ ကြော်ငြာခြင်းတို့ကိုလည်း တင်းကျပ်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်းဖြင့်လည်း ဒဗလျူအိတ်ချ်အိုက တိုက်တွန်းထားသည်။

နာတာရှည်

အဆိုပါ ယိုပါသည့် အစားအသောက်မုန့်များနှင့် အချိုရည်များတွင် အဆီဓာတ်၊ သကြားဓာတ် သို့မဟုတ် ဆားဓာတ်များ အများအပြား ပါဝင်နေခြင်းကြောင့် ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာကဲ့သို့သော နာတာရှည်ရောဂါများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း၊ ကမ္ဘာပေါ်တွင် သေဆုံးမှုအားလုံး၏ ဖဝရာခိုင်နှုန်းမှာ ထိုရောဂါများကြောင့်ပင်ဖြစ်ကြောင်း ကုလသမဂ္ဂအေဂျင်စီ ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။

ကလေးဘဝ အဝလွန်ခြင်းမှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ပင် တိုးပွားများပြားလာကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစားအစာ စားသောက်ပုံစံနှင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာခြင်းကြောင့်ပင်ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အို နာတာရှည်ရောဂါထိန်းချုပ်ရေးဌာန အကြီးအကဲ ကီမွန်တီအမ်းစထရောင်းက ပြောကြားသည်။

၄၂သန်းခန့်

ကမ္ဘာပေါ်တွင် အသက်ငါးနှစ်အောက် ကလေး ၄၂သန်းခန့်မှာ အဝလွန်နေကြကြောင်း၊ ယင်းတို့အနက် ၃၅သန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုကြေညာချက်၌ ဖော်ပြထားသည်။ *(အင်တာနက်)*

ကုန်သည်/စက်မှုအသင်းချုပ်

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (မေ/ ၂၀၁၀)ကို မေ ၂၆ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောမည်

ယင်းဟောပြောပွဲတွင် WIPO, Singapore Office မှ Project Manager, Dr. Jose Luis Herce- Vigil က Transfer of Technology and Creation of SMEs in Developed and Developing Countries ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါ ဟောပြောပွဲသို့ UMFCCI နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကားဂိတ်များကို ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် မြို့မဈေးကြီးနှင့်အနီးတစ်ဝိုက်တွင် ယာဉ်မျိုးစုံဝင်ထွက်လျက်ရှိပြီး လူစည်ကားသော သစ္စာလမ်းနှင့်ဈေးတန်းလမ်းတစ်လျှောက်တွင်လည်း ကော့ကရိတ်၊ လှိုင်းဘွဲ့၊ သထုံ၊ မြိုင်ကြီးငူ၊ သာမညနှင့် မြဝတီ ကားဂိတ်များရှိနေသဖြင့် မြို့တွင်းယာဉ်ပိတ်ဆို့၍ ယာဉ်အန္တရာယ်ရှိခြင်းတို့ကြောင့် ယင်းကားဂိတ်များကို မြို့ပြင်ရှိ ဘားအံယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဘားအံသား

လူနေရပ်ကွက်မှသစ်စက်ကြီးများ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျှက်မော်အနောက်အကွက်(၃၈၉) နေပူရွာရပ်ကွက်တွင် လူနေအိမ်များကြား၌ ပုဂ္ဂလိကသစ်စက်ကြီးသုံးလုံးရှိရာ ၄င်းသစ်စက်များသည် နေ့၊ ည သစ်လုံးကြီးများချသဖြင့် မြေတုန်ခါ၍ အိမ်နံရံများ၊ အုတ်ခုံများကွဲအက်ခြင်း၊ သစ်လုံးကြီးများ ခွဲစိတ်သဖြင့် ဆူညံသံများထွက်ပေါ်နေခြင်း၊ စကကြီးများမှထွက်သော မီးခိုးအနံ့ဆိုးများ ရှူရှိုက်နေရခြင်းစသည်တို့ကြောင့် ရပ်ကွက်နေပြည်သူများ အနှောင့်အယှက်ဖြစ်ရပါ၍ ၄င်းသစ်စက်ကြီးများအား ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ပျံကျဈေးသည်များကြောင့် လမ်းပိတ်ဆို့နေ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၉)ရပ်ကွက် ဗိုလ်ဇင်ယော်လမ်းမပေါ်၌ ဈေးရောင်းချလျက်ရှိသော ပျံကျဈေးသည်များသည် ခုံအခင်း၊ အမိုးအကာများကို အခိုင်အမာပြုလုပ်ကာ လမ်းပိတ်ဆို့၍ ဈေးရောင်းနေကြပါသည်။ ၄င်းဈေးသည်များကြောင့် ကားနှင့်ဆိုက်ကားများ လုံးဝဝင်၍ မရတော့ပါ။ သို့ဖြစ်ပါ၍ ၄င်းဈေးသည်များအား ရှင်းလင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ဗိုလ်ဇင်ယော်လမ်းသားများ

နောက်ဖေးလမ်းကြားပိတ်ဆို့မှု ဖယ်ရှားပေးစေလို

စာတည်းရှင့်-

ကမာရွတ်မြို့နယ် (၈)ရပ်ကွက် ပဒေသာလမ်းနှင့် ရတနာလမ်းကြားရှိ နောက်ဖေးလမ်းကြားသည် လမ်းထိပ်တွင် သတ်မှတ်ချက်ညီသော အကျယ်ရှိပြီး လမ်းအောက်ဘက်တွင် ပဒေသာလမ်းမှ ကျူးကျော်အိမ်များက နောက်ဖေးလမ်းကြားကိုပိတ်၍ ဆောက်လုပ်နေကြပါသည်။ သဘာဝဘေးအန္တရာယ်ကြုံလျှင် ထွက်ပေါက်တစ်ပေါက်သာရှိသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(၈)ရပ်ကွက်သား

မိလ္လာရေများ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် ဗိုလ်တထောင်လမ်းနှင့် ၅၄ လမ်းကြားမှ မိလ္လာရေများသည် ဗိုလ်တထောင်လမ်းဘက် ရေမြောင်းအတွင်း စီးဝင်လျက်ရှိပါသဖြင့် ရပ်ကွက်အတွင်း နေထိုင်သူများနှင့် လမ်းသွားလမ်းလာများသည် မိလ္လာရေဆိုးအနံ့များအား နေ့စဉ်ရှူရှိုက်နေရသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

တရားမဝင် ဆေးကုသူများအား ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မိုင်းဖြတ်မြို့နယ် ထောညကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးလက်ကျန်းမာရေးဌာနခွဲ (ဆေးပေးခန်း) ဖွင့်လှစ်ထားရှိသော်လည်း ယင်းကျေးရွာ၌ ဒေါက်တာရမ်းကုတို့ တရားမဝင်ဆေးကုသလျက်ရှိရာ ဒေသခံများအတွက် မလိုလားအပ်သော ကျန်းမာရေးဆိုးကျိုးများပေါ်ပေါက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဆိုက်ခေါင်ရွာသားများ

ရေနုတ်မြောင်း ရေစီးရေလာကောင်းစေလို

စာတည်းခင်ဗျား-

မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မဉ္ဇူလမ်းသွယ် အောင်သိဒ္ဓိလမ်းမကြီး၏ ဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးမကောင်းခြင်း၊ မဉ္ဇူလမ်းနှင့် အောင်သိဒ္ဓိကျောင်းလမ်းဆုံတွင် မြောင်းပိတ်ခြင်းကြောင့် မိုးများပါက ရေကြီး၍ နေအိမ်များအတွင်း ရေဝင်နိုင်၍ သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မရမ်းကုန်းသား

ဘိလပ်ရည်ဆိုင် ပြောင်းရွှေ့ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၅)ရပ်ကွက် ၁၁လမ်း(အလယ်ဘလောက်)တွင် ဘိလပ်ရည် လက်လီလက်ကား ရောင်းချနေသောဆိုင်တစ်ဆိုင်မှ ဘိလပ်ရည်ပုလင်းအသံများနှင့် ဘိလပ်ရည်ကတ်များ ကားပေါ်အတင်အချ ပြုလုပ်သံများသည် နေ့စဉ်နှင့်အမျှ နားမခံသာအောင် ဆူညံလျက်ရှိရာ အဆိုပါဆိုင်ကို ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပိုးသတ်ဆေးကြောင့် ကျန်းမာရေးထိခိုက်မှုဆောင်ရွက်ပြီးစီး

၈-၃-၂၀၁၀ရက် မြန်မာ့အလင်းသတင်းစာပါ **ရွှေဘိုမြို့ အမှတ်(၇)ရပ်ကွက်ရှိ ပိုးသတ်ဆေးဆိုင်မှ ပိုးသတ်ဆေးမျိုးစုံ၏ ဆေးနံ့များကြောင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရေမြောင်းဖုံးများ ပြုပြင်ဆောင်ရွက်ပြီး

၃၀-၁၁-၂၀၀၉ရက် မြန်မာ့အလင်းသတင်းစာပါ **ကျောက်တန်းမြို့ ယာဉ်ရပ်နားစခန်းအနီး ရေမြောင်းဖုံးများပြုပြင်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အမှိုက်ပုံကြောင့် မီးဘေးစိုးရိမ်ရမှု ဆောင်ရွက်ပြီးစီး

၃-၅-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပြင်ဦးလွင်မြို့တွင် အမှိုက်ပုံကြောင့် မီးဘေးစိုးရိမ်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ပျော်ဘွယ်မြို့နယ်၌ ယင်းတော်ကန်ကြီးပြုပြင်ဆည်ဖို့

သတင်းခရီးသည်-မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၃

ဒေသနေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာအနီး၌ ယင်းတော်ကန်ကြီးကို ပြန်လည်ဆည်ဖို့လျက်ရှိသည်။

ယင်းတော်ကန်ကြီးသည် ခေတ်အဆက်ဆက်က ဆည်ဖို့ခဲ့သော ကန်ဟောင်းကြီးဖြစ်သည်။ ဤရေကန်ကြီးမှာ ကန်ဟုဆိုသော်လည်း ဆည်တမျှကြီးမားလှသော ကန်ကြီးတစ်ကန်ဖြစ်သည်။

ဒီယင်းတော်ကန်ကြီး တည်ဆောက်ပြီးစီးသွားပါက ဒေသနေပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ ၁၈-၅-၂၀၁၀ရက်အထိ ပြီးစီးမှု ၉၀ရာခိုင်နှုန်းရှိပါတယ်။ နောက်တစ်လအတွင်းမှာ အပြီးတည်ဆောက်သွားဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်''ဟု ယင်းတော်ကန်တည်ဆောက်ရေးစီမံကိန်းမှ ဒုတိယဦးစီးမှူး ဦးအောင်တင်မိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

''ဒီယင်းတော်ကန်ကြီး တည်ဆောက်ပြီးစီးသွားရင် စိုက်ပျိုးရေနဲ့ သောက်သုံးရေ ဖူလုံလာမှာဖြစ်ပါတယ်''

ဦးအောင်တင်မိုး
(ဒုတိယဦးစီးမှူး)

''ယင်းတော်ကန်ကြီးကို နိုင်ငံတော်က ယခုလို ဆည်ဖို့ပေးနိုင်ခဲ့တာကြောင့် သောက်သုံးရေနဲ့ စိုက်ပျိုးရေအတွက် အဆင်ပြေတော့မှာဖြစ်ပါတယ်''

ဦးတင်ဦး
(ဒေသခံပြည်သူ)

ပြုပြင်တည်ဆောက်

''ကျွန်တော်တို့ ဒီယင်းတော်ကန်ကြီး ပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်မှုကြောင့် အနီးအနားမှာရှိတဲ့ ယင်းတော်မြို့မအုပ်စု၊ ယင်းတော်ရွာမအုပ်စု၊ ဒဟတ်ကုန်းအုပ်စု၊ ဖွဲသင်းအုပ်စု၊ ပင်မြိုင်အုပ်စုနဲ့ ဧကရာဇ်ကုန်းကျေးရွာ အုပ်စုတွေမှာ သောက်သုံးရေနဲ့ စိုက်ပျိုးရေအတွက် ဖူလုံလာမှာဖြစ်ပါတယ်''ဟု ဒေသခံတစ်ဦးဖြစ်သည့် ဦးတင်ဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဆိုပါ ယင်းတော်ကန်ကြီးသည် မဲဒီချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာ ၂၆စတုရန်းမိုင်ကျယ်ဝန်းပါသည်။ ကန်ပေါင်အလျားပေ ၂၄၁၀၀(လေးမိုင်ခွဲကျော်)ရှိပြီး ကန်ထဲသို့ နှစ်စဉ်ပျှမ်းမျှ စီးဝင်ရေ ဧကပေ ၆၂၀၀၀ ရှိသည်။ ကန်ရေပြင်ဧရိယာ အကျယ်အဝန်းကတော့ ဧကပေ ၈၄၀ ရှိကြောင်း သိရသည်။

အကုန်အကျခံ

ယင်းတော်ကန်ကြီးကို နိုင်ငံတော်က ဒေသနေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် ငွေကျပ်သန်းပေါင်း ၂၈၂၃သမ ၇၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သို့ပါ၍ ဤသို့ယင်းတော်ကန်ကြီး ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့၍ ဒေသနေ ပြည်သူများ သောက်သုံးရေအပြင် စိုက်ပျိုးရေးအတွက် လိုအပ်သော ရေအတွက်ပါ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရေထုတ်ပြွန်

ယင်းတော်ကန် ရေထုတ်ပြွန် တည်ဆောက်နေမှုကို တွေ့ရသည်။

တွေ့ဆုံမေးမြန်း

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက ပျော်ဘွယ်မြို့နယ်အတွင်း သတင်းဆောင်းပါးများ ရေးသားရန် ခရီးတစ်ထောက်ရောက်ရှိခဲ့ရာ ယင်းတော်ကန်ကြီး ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးနေမှုနှင့်စပ်လျဉ်းပြီး တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

''ကျွန်တော်တို့ ဒီယင်းတော်ကန်ကြီးကို နေပြည်တော်ပျဉ်းမနား ဆည်ထိန်းသိမ်းရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ လုပ်ငန်းစတင်မှုကိုတော့ ၂၀၁၀ခုနှစ် ဇန်နဝါရီလမှ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ပျော်ဘွယ်မြို့နယ်ရှိ ယင်းတော်ကန်ကြီးအား ယာဉ်၊ ယန္တရား အစီး ၂၀ ဖြင့် ၂၄ နာရီပတ်လုံး မြေတူး၊ မြေသယ်၊ မြေညှိ၊ ဆည်ဖို့ လုပ်ဆောင်နေကြသည်။

ယင်းတော်ကန်

ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာအနီး ပတ်လည်အလျားပေ ၂၄၁၀၀ (လေးမိုင်ခွဲကျော်)၊ အမြင့်ပေ ၂၀ရှိ ယင်းတော်ကန်ကြီးအား ဆည်တမံဖို့ထားသည့် မြင်ကွင်းကို ဤသို့ တွေ့ခဲ့ရသည်။

သံတွဲ၌ အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းဆင်း ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

သံတွဲ မေ ၂၃

တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်း (၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၂၇ ရက် မွန်းလွဲ ၁နာရီက သံတွဲမြို့ အလက (၁) ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေစိုးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် သင်တန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသန်းတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ် တိုင်းရင်းဆေးကုဌာနသို့ အလှူရှင် ၄၆ဦးက ဆေးပဒေသာပင်အလှူငွေကျပ် ၅၁၈၀၀၀ ကို လှူဒါန်းသည်။ အလှူရှင်များကိုယ်စား မြို့မိမြို့ဖ ဦးတင်လေးက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဦးစီးဌာနမှူး ဦးဇော်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ သင်တန်းသားများအား ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကြောင်နှင့်ကြွက် မိတ်ဆွေဖွဲ့ကြရာဝယ်....

ရန်ကုန် မေ ၂၃

လောကနိယာမသဘောအရ အပူရှိလျှင် အအေးဓာတ်ရှိသည်။ အလင်းရှိလျှင် အမှောင်ရှိသည်။ ရန်သူရှိသလို မိတ်ဆွေလည်း ရှိသည်။ သတ္တဝါများ၌လည်း အစဉ်အဆက် ရန်သူများသဖွယ်ရှိလာခဲ့သော်လည်း တစ်ချိန်၌ မိတ်ဆွေများအဖြစ် ကြည်ဖြူနေတတ်သည်ကို ထူးဆန်းစွာ တွေ့မြင်ရတတ်လေသည်။

တွေ့မြင်

ထိုသို့ဖြစ်ရပ်ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မင်းသော်တာဓာတ်ပုံဆိုင်၌ ထူးခြားစွာ မြင်တွေ့ခဲ့ရသည်။ ဓာတ်ပုံဆိုင်တွင် မွေးမြူထားသော ကြောင်ထီးလေးနှစ်ကောင်အနက် တစ်ကောင်မှာ အစားအစာများ စားသောက်သည့်အခါ ယခင်က ရန်သူသဖွယ်ဆက်ဆံခဲ့သော ကြွက်လေးများနှင့်အတူ ရောနှောကာ အတူတကွ စားသောက်နေမှုကို ထူးဆန်းစွာ တွေ့ရှိရသည်။

ရောက်ရှိ

ကြောင်လေးများကို အစားကျွေးသည့် အချိန်ရောက်တိုင်း ကြွက်များက ရောက်ရှိလာတတ်ပြီး ၎င်းကြောင်လေးနှင့်အတူ အေးချမ်းကြည်ဖြူစွာ အတူတကွ စားသုံးနေလေ့ရှိသည်။ မြေကြွက်အမျိုးအစားဖြစ်၍ အရွယ်ကြီးသည့် ကြွက်များပါဝင်သော်လည်း ကြောင်နှင့်ကြွက်တို့ တစ်ကောင်နှင့်တစ်ကောင် ခိုက်ရန်မဖြစ်ပွားကြဘဲ အတူယှဉ်တွဲ စားသုံးကြသည်။

စောင့်ကြည့်

ကြောင်လေးကျွေးသော အစာများကို မြေကြွက်များက စားသုံးသည့်အခါ ကြောင်လေးက အေးချမ်းစွာ ထိုင်စောင့်နေလေ့ရှိသည်။ ကြွက်များ စားသုံးပြီးမှ ကြောင်လေးက ဝင်ရောက်စားသုံးတတ်သည်။ ကြောင်လေးသည် ကြွက်များကို မည်သည့်အခါမျှ ရန်မူခြင်း၊ အနှောင့်အယှက်ပေးခြင်းမပြုကြောင်း သိရသည်။

အစဉ်အဆက် ရန်သူသဖွယ်ဆက်ဆံကာ နေထိုင်လာခဲ့သော ကြောင်နှင့် ကြွက်တို့၏ အေးချမ်းချစ်ကြည်စွာ နေထိုင်စားသောက်မှုမြင်ကွင်းကား ရန်ပြေငြိမ်းသည့်သဘော၊ တည်ငြိမ် ငြိမ်းချမ်းမှုသဘောဟု ထင်မြင်ယူဆရမည်ပင်....။

သတင်းမှတ်စုနှင့်မှတ်တမ်းဓာတ်ပုံ-သတင်းထောက်သန်းမောင်(ရန်ကင်း)

ငါးရစ်ငါးသန် ဘေးမဲ့ချန်

ပုံမှန်စားသုံး မျိုးမသုဉ်း

နှစ်(၃၀)ပြည့် မင်္ဂလာနေ့

INTERNET တပတ်ပရိုသတ် အများဆုံး

ထွက်ပြီ

FOREVER 2010 World Cup

သမိုင်းစာပေဘာတွေတွေ

ထွက်ပြီ

Basic English Skill Test

7DAY SPORTS journal

ထွက်ပြီ

ဦးအောင်ဝင်း

371741, 240824, 381350

ဂုဏ်ထူးဦးသိန်းနိုင်

မီးစက်ငှားမည်
220 KVA
SOUND PROOF
110 KVA
SOUND PROOF
ဖုန်း-၇၂၁၇၇၄(ရုံးချိန်အတွင်းသာ)။

အမည်ပြောင်း

အဖ ဦးသံလုံး ၁၄/မအဖ (နိုင်) ၁၄၈၇၂၀၏ သမီး အထက(၃)တာမွေ ဆဌမတန်းအောင်မှ ခိုင်ဆုနွယ်အား ခိုင်စုနွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်စုနွယ်။



သက်ကြီးပူဇော်ပွဲကျင်းပ

မေ ၁ ရက်က မြေပုံမြို့နယ် ကမ်းထောင်းကြီး ငွေရတုအထိမ်းအမှတ် (၂၅)ကြိမ်မြောက် ကျေးရွာလုံးကျွတ် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ကျေးရွာရှိ သဟပုညကာရီမွှာရုံ၌ ကျင်းပစဉ်။ (မြန်မာ့အလင်း)

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

သင်တန်းအပ်လက်ခံရာနေရာ - အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့် ကပ်လျက်)

ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ (Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်းပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးမည်။
- ကိုယ်ပိုင်မီးစက်ဖြင့်အေးမြသန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် လူ၂၀။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

"အောင်"ပြီး**"ချမ်းမြေ့"**မှုတွေရရှိရန် **"အောင်ချမ်းမြေ့"**ကိုလာခဲ့ပါ။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)

အပတ်စဉ်(၁၂၀၉)	၃၁-၅-၂၀၁၀ရက်စမည်။(စနေနှင့် တနင်္ဂနွေနားရက်)	
အပတ်စဉ်(၁၂၁၀)	၂-၆-၂၀၁၀ရက်စမည်။(တနင်္လာနှင့် အင်္ဂါနားရက်)	
အပတ်စဉ်(၁၂၁၁)	၄-၆-၂၀၁၀ရက်စမည်။ (ဗုဒ္ဓဟူးနှင့် ကြာသပတေးနားရက်)	

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)

အပတ်စဉ်(၁၂၁၂)	၁-၆-၂၀၁၀ရက်စမည်။ (အင်္ဂါနှင့် ဗုဒ္ဓဟူးသင်)	
အပတ်စဉ်(၁၂၁၃)	၃-၆-၂၀၁၀ရက်စမည်။ (ကြာသပတေးနှင့် သောကြာသင်)	
အပတ်စဉ်(၁၂၁၄)	၅-၆-၂၀၁၀ရက်စမည်။ (စနေနှင့် တနင်္ဂနွေသင်)	

သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)

အပတ်စဉ်(၁၂၁၅)	၅-၆-၂၀၁၀ရက်စမည်။ (စနေတစ်ရက်တည်းသာ)	
အပတ်စဉ်(၁၂၁၆)	၆-၆-၂၀၁၀ရက်စမည်။ (တနင်္ဂနွေတစ်ရက်တည်းသာ)	

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား (နှစ်သက်သည့် တစ်ချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	6:30 am to 08:30 am
နံနက်ပိုင်း	(II)	9:00 am to 12:00 pm
မွန်းလွဲပိုင်း	(III)	1:30 pm to 04:30 pm
ညနေပိုင်း	(IV)	5:00 pm to 07:00 pm
ညနေပိုင်း	(V)	6:00 pm to 08:00 pm

လေးလအထူးသင်တန်း (နိုင်ငံတကာအဆင့်မီ Diploma သင်တန်း)

အပတ်စဉ်(၁၂၁၇) ၈-၆-၂၀၁၀ရက်စမည်။ (တစ်ပတ်လေးရက်သင်)
9:00 am to 4:30 pm (အင်္ဂါမှ သောကြာနေ့စဉ်)

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မျှသင်တန်းခွဲမရှိပါ။

ဖခင်အမည်မှန်

ညောင်လေးပင်မြို့ အလက အင်္ဂမတန်း(C)မှ မရည်ရွှယ်ဦးနှင့် အမက ဘုရားကြီးလမ်းကျောင်း စတုတ္ထတန်းမှ မောင်ပိုင်မင်းသန့်တို့၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်ဦး ဖြစ်ပါသည်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ် ၄၂၊ ဧရိယာ ၀ဒသမ၀၈၃ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ အပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးရန်နိုင်ဦး ၁၂/လမန(နိုင်)၀၁၆၇၄၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)
၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၉-၉၉-၂၅၇၃၆၊
၀၉-၅၀-၇၀၆၇၇။

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ကျေးလက် (ငွေလုံးငွေရင်း)လုပ်ငန်း အသုံးစရိတ်ဖြင့် ဆောင်ရွက်ခဲ့သော မကျီးကန်- ငှက်အော်စမ်းလမ်း တောင်မြေခင်းခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ-၄ ဦးနေမျိုးအောင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတိုးအောင်လွင် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

ဟားခါးမြို့ ရေစုကန်တည်ဆောက်

ဟားခါး မေ ၂၃

ဟားခါးမြို့ပေါ် ရေလုံလောက်စွာ ရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နေပြည်သူများ ပူးပေါင်းပြီး တော်လှန်ရေး ရေကန်ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းကို မေ ၉ရက်က ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

သံတွဲမြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်

သံတွဲ မေ ၂၃

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရွှေလှေ၊ သဇ္ဇုချိုင်၊ အင်တိုင်းကြီး၊ ညောင်ချောင်၊ ဆင်ခေါင်းကျေးရွာချင်းဆက် မြေသားလမ်း လေးမိုင်ဖောက်လုပ်ခြင်းကို ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ရက်က ဆင်ခေါင်းကျေးရွာအနီး မြေထိုးစက်ကြီးဖြင့် ဆောင်ရွက်နေမှုကို သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်၊ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ရွှေကူမြို့နယ်၌ ပညာအားမာန် စာကြည့်တိုက်ဖွင့်

ရွှေကူ မေ ၁၅

ရွှေကူမြို့နယ် ငါးဘတ်ကြီး ကျေးရွာအုပ်စု တော်လှကျေးရွာတွင် ပညာအားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ၅ရက် နံနက်ရှစ်နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ရွှေ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးကျော်စိုးနိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဆန်းဦးတို့တက်ရောက်ပြီး ပညာအားမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (၁၇၉)



GMAT Courses for E-MBA/MBA/ E-MPA/MPA/ DMA/
Oversea Business & Management Schools

ဝင်ခွင့်သင်တန်းများ

SEND (Singapore); Special English for Nursing Diploma (Singapore) Courses

Sundays - Only Speaking & Listening Courses

Sundays - Only Writing & Accerlerated Reading Courses

NDE U Winn Myint (E-MBA, DMA, CPE)

အမှတ်(၁)၊ ဝင်းသော်တာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်
ဖုန်း-၀၉-၅၁၄၃၁၇၆၊ ၅၃၆၄၁၁။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ ၂၀၁၀ခုနှစ် မေ ၂၁ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းသုံးအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	Newsprint paper(48.8)gsm (30"x40")	၂၅၀၀ ထုပ်
(ခ)	လိုင်း(၁၀၀)ပါ PABX တယ်လီဖုန်းစက်ခလုတ်ခုံ	၁ စုံ

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၀-၆-၂၀၁၀ ရက် ၁၆း၀၀ နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

၂၁-၅-၂၀၁၀ရက်တွင် ထုတ်လွှင့်ပြသခဲ့သော "ရသစုံလင် အင်တာနက်ဥယျာဉ်" အပိုင်း(၂၁) ဉာဏ်စမ်းမေးခွန်းအဖြေမှန်မှာ - ၄င်းလော်လီ ကားကြီးမောင်းသူသည် ယင်းအချိန်၌ ကားမောင်းနေခြင်းမဟုတ်ဘဲ လမ်းလျှောက်နေသောကြောင့် ဖြစ်သည်။

အဖြေမှန်သူများစာရင်း - (၁)မေဇွန်အိစံ ၉/ခအဇ(နိုင်)၀၁၃၅၁၁၊ (၂) ကိုမြသန်း ၁၂/ကတတ(နိုင်)၀၀၀၆၉၅၊ (၃) ကျော်စိုးမျိုး ၁၂/ဥကတ(နိုင်)၁၂၇၄၈၅၊ (၄) နော်ခက်ခက်ခိုင် ၇/မလန(နိုင်)၀၇၁၀၁၅၊ (၅) ဒေါ်သန်းသန်း ၁၄/ပသန(နိုင်)၀၅၇၆၂၆၊ (၆) မျိုးမင်းထွန်း ၁၁/ဂမန(နိုင်) ၀၃၀၅၅၂၊ (၇) ကြည်ကြည်လွင် ၁၂/တမန(နိုင်)၁၀၀၂၄၇၊ (၈) ကိုဘုချေ ၁၁/စတန(နိုင်) ၀၀၀၈၇၉၊ (၉) မြင့်မြတ်စိုး ၁၂/ဗဟန(နိုင်)၁၀၁၁၆၇၊ (၁၀) ရှိန်းမောင်ဝင်း ၉/မထလ(နိုင်) ၂၂၉၉၇၈၊ (၁၁) အောင်ကျော်မြင့် ၁၂/သဃက(နိုင်)၁၀၇၉၈၈၊ (၁၂) ဒေါ်တင်တင်ဦး ၁၂/ဥကမ(နိုင်)၁၂၉၈၉၇၊ (၁၃) ဟန်နီအိစံ ၉/ခအဇ(နိုင်)၀၁၃၅၁၀၊ (၁၄) သူဇာနွယ် ၇/ပခန(နိုင်)၂၁၆၆၂၈၊ (၁၅) သီရိစုဝေ ၅/ပလပ(နိုင်)၀၆၂၆၀၀၊ (၁၆) ပိုင်ဖြိုးဦး ၁၄/လပတ(နိုင်)၁၅၅၈၅၉၊ (၁၇) ဦးလှသွင် CA-၀၅၄၀၂၉၊ (၁၈) ဝင်းကို ၁၂/လသန(နိုင်)၀၀၀၉၆၆၊ (၁၉) အောင်ကျော်မိုး ၈/ပကခ(နိုင်)၀၆၁၈၅၂၊ (၂၀) မေမြတ်နိုးဦး ၁၂/ရကန(နိုင်)၀၈၂၁၅၈၊ (၂၁) ဒေါ်စုစုဝင်းကို ၁၂/ဥကတ(နိုင်)၀၂၄၉၉၀၊ (၂၂) သဲစုနန္ဒာရည် ၁၂/ဥကတ(နိုင်)၁၅၄၀၁၁၊ (၂၃) ခင်အိအိဘော် ၁၂/ဥကမ(နိုင်)၁၈၃၆၂၁၊ (၂၄) ဝတ်မှုန် ၁၂/ဥကတ(နိုင်)၁၅၉၆၅၁၊ (၂၅) အောင်မြတ်ကျော် ၆/မအရ(နိုင်)၁၁၃၅၇၃၊ (၂၆) ကျော်သူရဝင်း ၁၂/အစန(နိုင်)၂၅၇၉၅၆၊ (၂၇) စိုးလင်းသန်း ၉/မမန(နိုင်)၀၁၂၉၄၄၊ (၂၈) ဦးသန်းဦးဝင်း ၁၂/တမန(နိုင်)၀၂၀၈၅၇၊ (၂၉) ရဲအောင်ကျော် ၁၂/ဒဂတ(နိုင်)၀၄၅၂၁၇၊ (၃၀) အေးအေးပြုံး ၁၂/ဥကတ(နိုင်)၀၈၉၇၂၁၊ (၃၁) အိမ့်သက်ပိုင်မှူး ၁၂/စခန(နိုင်)၀၇၄၅၉၅၊ (၃၂) မော်မော် (လျှောက်ထားဆဲ)၊ (၃၃) ကိုမျိုးအောင် ၁၂/ဥကတ(နိုင်)၁၁၀၆၄၇။

အဖြေမှန်သူများသည် ၂၄-၅-၂၀၁၀ ရက်မှ ၃၁-၅-၂၀၁၀ ရက်အတွင်း ကောင်းဟိန်း Co.,Ltd. ရုံးခန်းဖြစ်သော အမှတ်-၅၂၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူပါရန်နှင့် ဆုကြေးငွေကျပ် ၁၀၀၀၀ ကို ခွဲဝေပေးမှာဖြစ်ပါသည်။ (ဆုကြေးငွေကို သတ်မှတ်ထားသောရက်အတွင်း လာရောက်ထုတ်ယူရန်နှင့်ကျော်လွန်ပါက ထုတ်ပေးမည်မဟုတ်ပါ။)

ချင်းပြည်နယ် မင်းတပ်မြို့နယ် ရှစ်ဝါသာရွာ၏ ရှိန်ဝါရောင်လင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ၁၂ရက်ကကျင်းပရာ အခမ်းအနားတွင် မင်းတပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလိန်းကီးနှင့် ကျေးရွာဥက္ကဋ္ဌဦးစောဟုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲနှင့် ပညာပေးပိုစတာစိုက်ထူပွဲ သာပေါင်း၌ကျင်းပ

သာပေါင်း မေ ၂၂

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် ပညာပေးပိုစတာစိုက်ထူပွဲကို မေ ၈ရက်က သာပေါင်းမြို့နယ် ဘုရားနီကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားသို့ သာပေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ ဘုရားနီကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်သူများ တက်ရောက်ကြပြီး ငါးရစ်ငါးသန်ဖမ်းဆီးခြင်း၊ တားမြစ်ထားသော ဘက်ထရီရှော့တိုက်ခြင်း၊ အဆိပ်ဆေးချငါးဖမ်းဆီးခြင်းများ ပပျောက်စေရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေး အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးပိုစတာကို ဘုရားနီကျေးရွာ၊ စစ်ပင်ကြီးကျေးရွာနှင့် ထန်းဇင်လှကျေးရွာတို့၌ စိုက်ထူကြသည်။ **(ယာပုံ)** (မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သည့်ဘိုးဘွားရိပ်သာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဧပြီ၃၀ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗဟုသုတနှင့် ရသမျိုးစုံခံစားရရှိနိုင်သော ချယ်ရီ အက်ဖ်အမ်ရေဒီယိုများ လှူဒါန်းပွဲ ကွမ်းလုံ၌ကျင်းပ

ကွမ်းလုံ မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ်၌ ချယ်ရီအက်ဖ်အမ်ရေဒီယို အသံလွှင့်လှိုင်း ဖမ်းယူရရှိသည့် ရပ်ကွက်၊ ကျေးရွာ ၁၄ ခုတို့ကို ချယ်ရီအက်ဖ်အမ် ရေဒီယိုငါးလုံးစီ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သက်ဦး ဦးဆောင်သည့် ဌာနဆိုင်ရာ စေတနာရှင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂ရက် မွန်းလွဲ၁နာရီက သံလွင်ဦးခန်းမ၌ ကျင်းပသည်။

ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများပူးပေါင်း၍ မေ၈ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ဆရာဝန်ဦးကျော်မျိုးလှိုင်နှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက ချယ်ရီ အက်ဖ်အမ်ရေဒီယိုသည် နေ့စဉ်ပြည်တွင်းပြည်ပသတင်း၊ တေးသီချင်း၊ အားကစား၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာပေးဗဟုသုတရရှိမည့် ကဏ္ဍမျိုးစုံ၊ ရသမျိုးစုံကို ခံစားရရှိအောင် တင်ဆက်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ရေဒီယိုများပေးအပ်

ဆက်လက်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သက်၊ ခရိုင်ရဲတပ်ဖွဲ့မှူးအောင်စိုးဝင်းနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းတို့က ရပ်ကွက်၊ ကျေးရွာ ၁၄ ခုတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ချယ်ရီအက်ဖ်အမ် ရေဒီယိုများ ပေးအပ်လှူဒါန်းသည်။ (ခရိုင် ပြန်/ဆက်)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဈေးတာဝန်ခံ ခေါင်းဆောင်သော ဈေးအဖွဲ့ဝန်ထမ်းများနှင့် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် မီးသတ်ဦးစီးမှူး ဦးကျံနန်းထန်တို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်နှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းတင်တို့ မိုးကုတ်မြို့တွင်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဆောက်လုပ်ရေး)

မန္တလေးတိုင်း မိုးကုတ်မြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ

ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အားပေး

နေပြည်တော် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်က တာဝန်ယူဆောင်ရွက်သော အရှည် နှစ်မိုင် လေးဖာလုံ၊ အကျယ် ၁၈ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၁ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်က မိုးကုတ်မြို့ရှိ မင်္ဂလာမုခ်ဦး၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းဇော်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၅၀၀ကျော် တက်ရောက်အားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုသစ္စာ - ရေးသားသည်

ကမ္ဘာ့အကြီးဆုံး ဝေလငါးတွေ့ရှိ

တောင်အာဖရိကနိုင်ငံ တာဘာလေ ပင်လယ်အော်ရှိ ဘာဘာကျွန်းအနီး ရေပြင်တွင် မကြာမီက တွေ့ရှိခဲ့ရသော ဝေလငါးကြီးမှာ သင်္ဘောငယ်တစ်စီး၏ အရွယ်အစားရှိကြောင်း တောင်အာဖရိကအရာရှိများက ပြောကြားသည်။

တွေ့မြင်

၎င်းဝေလငါးကြီးကို တောင်အာဖရိကနိုင်ငံ ဘာဘာကျွန်းမှ ငါးဖမ်းသင်္ဘောတစ်စင်းက ရေပြင်ပေါ်၌ တစ်မိနစ်ခန့် တွေ့မြင်၍ မှတ်တမ်းတင်ခဲ့ကြခြင်း ဖြစ်သည်။

အရွယ်အစား

ယင်းဝေလငါးကြီး၏ အရွယ်အစားမှာ အရှည် ၇၅ပေ၊ ခန္ဓာကိုယ်အမြင့် ၁၅ပေနှင့် ခန္ဓာကိုယ်လုံးပတ်မှာ ပေ ၄၀ခန့်ရှိကြောင်း၊ မီးခိုးရောင်ဖျော့ဖျော့ အရောင်အဆင်းရှိကြောင်း ၎င်းတို့က ပြောကြားသည်။

(အင်တာနက်)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် မေ ၂၃

ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က အိန္ဒိယနိုင်ငံ ဗီဆာကာ ပတ္တနမ်မြို့အနီးတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေတောင်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)